# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၂၉)၊ ၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ ရက် ၊ ၂၄-၇-၂၀၂၅၊ ကြာသပတေးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တပ်မတော်စစ်ကြောင်းများက သပိတ်ကျင်းမြို့အား ပြန်လည်ထိန်းချုပ်




အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် သပိတ်ကျင်းမြို့အား တပ်မတော်က ပြန်လည်ထိန်းချုပ်စဉ်။

**နေပြည်တော် ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် သပိတ်ကျင်းမြို့နယ်အတွင်းရှိ သပိတ်ကျင်းမြို့သည် မန္တလေးတိုင်းဒေသကြီး၏ မြောက်ဘက်အကျဆုံး မြို့နယ်ဖြစ်သည်။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့ရှိ မြို့များနှင့် နယ်နိမိတ်ချင်းထိစပ်နေပြီး ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းပေါ်၌ ရှိသော သဘော်ဆိပ်မြို့လည်းဖြစ်သည်။ သပိတ်ကျင်းမြို့သည် မန္တလေးမြို့နှင့် ရေကြောင်းအားဖြင့် ၇၇ မိုင်ခန့်သာဝေးကွာပြီး မန္တလေး၊ ဗန်းမော်၊ မြစ်ကြီးနား အစုန် - အဆန် သွားလာနေသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့မှ သင်္ဘောကြီးများနှင့် မန္တလေးနှင့် သပိတ်ကျင်း အစုန် - အဆန် သွားလာနေသည့် ကူးတို့သင်္ဘောငယ်များလည်းရှိသဖြင့် ရေကြောင်းသွားလာရေးနှင့် ကုန်သွယ်မှုကောင်းမွန်သည့် မြို့တစ်မြို့ဖြစ်သည်။ ကုန်းလမ်းကြောင်းအနေဖြင့် မိုးကုတ်မြို့နှင့် မိုင် ၄၀ ခန့်၊ မန္တလေးမြို့နှင့် မိုင် ၆၀ ခန့်ဝေးပြီး ယင်းမှတစ်ဆင့် မိုးမိတ်၊ ဗန်းမော်၊ မြစ်ကြီးနား စသည့် ကချင်ပြည်နယ်ဘက်သို့လည်းကောင်း၊ ကျောက်မဲ၊ သီပေါစသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သို့ လည်းကောင်း၊ မန္တလေးမြို့သို့လည်းကောင်း၊ ဆက်သွယ်သွားလာနိုင်သည့် အချက်အချာကျသည့် မြို့တစ်မြို့ဖြစ်သည်။


စာမျက်နှာ ၇ သို့ ⟶


## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၃**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးထစ်ချုန်းပြီး နေရာကွက်၍ မိုးကြီးမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာ အညွှန်း


**ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ**

စာမျက်နှာ ၂

**ကြံသကြားဖြင့် ချိုအောင်ပြုလုပ်ထားသော ကိုကာကိုလာအား အမေရိကန်ဈေးကွက်တွင် မိတ်ဆက်ရန် စီစဉ်ထားသည်ဟု ဆို**

စာမျက်နှာ ၁၆

၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၄ ရက်၊ ကြာသပတေးနေ့။

မန္တလေး

## စည်းကမ်းနှင့်အညီ ပြုမူနေထိုင်ဆောင်ရွက်တတ်ခြင်းကြောင့် အောင်မြင်မှုများရရှိမည်

စည်းကမ်းကို ငယ်ရွယ်စဉ် ကျောင်းသားလူငယ် ဘဝကပင် အလေ့အကျင့် ပြုလုပ်ရန်လိုအပ်မည်ဖြစ်သည်။ အလေ့အကျင့် စွဲမြဲနေပါက စည်းကမ်းလိုက်နာရသည်ကို ဝန်ထုပ်ဝန်ပိုးအဖြစ် မမြင်နိုင်တော့ပါ။ ပညာသင်စဉ် ပထမအရွယ်ကပင် စည်းကမ်းကို လိုက်နာတတ်ကြသူများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်သည်။ ကျောင်းနေစဉ်အရွယ်တွင် ကျောင်းကသတ်မှတ်ထားသော စည်းကမ်းဟူသမျှကို တိကျစွာလိုက်နာရမည်ဖြစ်သည်။ ထို့ပြင် ဒုတိယ အရွယ်၊ တတိယအရွယ်တို့တွင် သတ်မှတ်ထားသည့် အလုပ်ခွင် စည်းကမ်းကို လေးစားစွာ လိုက်နာဖို့လိုအပ်မည်ဖြစ်သည်။ စည်းကမ်းဟူသည် လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်ဟု မြန်မာ အဘိဓာန်တွင် ဖွင့်ဆိုထားသည်။ စည်းကမ်းရှိမှတိုးတက်မည်။ စည်းကမ်းတကျနေထိုင်လုပ်ကိုင်တတ်စေရန် လူတိုင်းလူတိုင်း လေ့ကျင့်ပျိုးထောင်ရမည်။ စည်းကမ်းချက်များတွင် ရပ်ရွာစည်းကမ်း၊ ဈေးစည်းကမ်း၊ ရုံးစည်းကမ်း၊ ကျောင်းစည်းကမ်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့လည်းပါဝင်သည်။ စည်းကမ်းရှိသော လူမျိုးသည်တိုးတက်မည်။ အမှန်တကယ်စည်းကမ်းလိုက်နာခြင်းသည် အန္တရာယ်များ၊ ပြဿနာများနှင့် အခက်အခဲများအားလုံးကို ကျော်လွှားလွတ်မြောက်နိုင်မည်မှာ မလွဲကေန်ဖြစ်သည်။

လူ့လောကတွင် လိုက်နာရန်ပြဋ္ဌာန်းထားသော သတ်မှတ်ထားသည့်စည်းကမ်းများရှိစမြဲဖြစ်သည်။ သတ်မှတ်ထားသည့်စည်းမျဉ်းစည်းကမ်းများကိုလိုက်နာမှသာ တစ်ဦးချင်းအတွက်၊ အများအတွက် ကောင်းကျိုးချမ်းသာရရှိမည်။ ထို့ကြောင့် စည်းကမ်းသည် လူ့တန်ဖိုးဟု သတ်မှတ်ထားသည်။ လူတိုင်းလူတိုင်း စည်းကမ်းလိုက်နာရန် လိုပါမည်။ လူတိုင်းလွတ်လပ်စွာတွေးခေါ် လုပ်ဆောင်နေမှုများ အပေါ်တွင် ထိန်းချုပ်ဆောင်ရွက်နိုင်ရန် သတ်မှတ်ချက်များရှိနေရမည်ဖြစ်သည်။ သို့မှသာ မကောင်းတာမကြံ၊ မမှန်တာမလုပ်၊ မဟုတ်တာမပြောဘဲ ကောင်းတာလုပ်၊ မှန်တာကြံ ဟုတ်တာပြောဟူသော အကောင်းဘက်ကို ဦးတည်ရောက်ရှိလာနိုင်မည်လည်း ဖြစ်သည်။ ထိုသို့အကောင်းဘက်ကိုရောက်ရှိလာစေရန် ထိန်းကွပ်သတ်မှတ်ချက်များကို စည်းကမ်းဟုဆိုရမည်။ စည်းကမ်းသည် လူမျိုး၏အသက်၊ လူမျိုး၏တန်ဖိုး၊ လူမျိုး၏ဂုဏ်ဟုဆိုရမည် ဖြစ်သည်။ တန်ဖိုးရှိသောလူဖြစ်အောင် သတ်မှတ်ထားသည့် လူ့စည်းမျဉ်းစည်းကမ်းများကို လိုက်နာသင့်ပါသည်။ ထိုသို့သတ်မှတ်ထားသည့်စည်းကမ်းများကို လိုက်နာကျင့်သုံးခြင်းသည် မိမိကိုယ်ကိုစည်းကမ်းရှိအောင်ဆောင်ရွက်ခြင်းဖြစ်သည်။

သတ်မှတ်ထားသည့်စည်းကမ်းများကို လိုက်နာကျင့်သုံးနေထိုင်ပါက ဘေးကင်းကွာနိုင်ကြမည်ဖြစ်သည်။ စည်းကမ်းသည် ဖွံ့ဖြိုးတိုးတက်မှု အောင်မြင်မှုတို့၏ အခြေခံပင်ဖြစ်သည်။ စည်းကမ်းလိုက်နာသဖြင့် ဘေးကင်းကွာရပြီး စည်းကမ်းမလိုက်နာသဖြင့် ဘေးရောက်ရသော သာဓကအမြောက်အများလည်းရှိနေသည်။ ထို့ကြောင့် လူငယ်လူရွယ်တိုင်း ငယ်စဉ်မှအစပျိုးကာ မိမိတို့ဘဝကို အဖိုးတန်ဘဝများဖြစ်အောင် ဆောင်ရွက်ပေးမည့် စည်းကမ်းများကို စနစ်တကျလိုက်နာခြင်းဖြင့် အနာဂတ်ကာလတွင် ထူးချွန်ထက်မြက်တိုးတက်သော တန်ဖိုးရှိသူများဖြစ်အောင် ကြိုးစားသင့်ပေသည်။

ဘဝအောင်မြင်ရေး၊ ဘဝရပ်တည်ရေးကိစ္စရပ်များတွင် စည်းကမ်းနှင့်အညီ ပြုမူနေထိုင်ဆောင်ရွက်တတ်ခြင်းကြောင့် အောင်မြင်မှုများနှင့်သာကြုံရတတ်သည်။ စည်းကမ်းဟူသည် လူ့ဘဝ၏ တိုးတက်ခြင်း၊ အောင်မြင်ခြင်းကိုဖြစ်စေရာ "ဝိနယောစသုသိက္ခိတော" ကျင့်ဝတ်စည်းကမ်းများကို ကောင်းစွာလိုက်နာခြင်းသည် ကောင်းမြတ်သောမင်္ဂလာဖြစ်လာမည်ကြောင်း ရေးသားလိုက်ရပေသည်။

## မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(မန္တလေးတိုင်းဒေသကြီး) တိုင်း/ခရိုင်/မြို့နယ်အလုပ်အမှုဆောင်များက စုပေါင်းဝါဆိုသင်္ကန်းကပ်လှူ

**မန္တလေး ဇူလိုင် ၂၃**

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (မန္တလေးတိုင်းဒေသကြီး)တိုင်း/ခရိုင်/မြို့နယ် အလုပ်အမှုဆောင်များနှင့် အသင်းသား၊ အသင်းသူများ၏ စုပေါင်းဝါဆိုသင်္ကန်းကပ်လှူခြင်းအလှူတော်ကို ယနေ့ နံနက် ၉ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၁လမ်း၊ ၇၇လမ်းရှိ ရွှေဘုံသာမြတ်စွာဘုရားဓမ္မာရုံတွင် ကျင်းပပြုလုပ်သည်။



အခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မိုးကောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိစ္စရအမှူးပြုသော ပင့်သံဃာတော် (၁၁)ပါး ကြွရောက်တော်မူကြပြီး မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (မန္တလေးတိုင်းဒေသကြီး) နာယကကြီးများ၊ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ၊ စိန်ခြယ်အပြည်ပြည်ဆိုင်ရာ ရောင်းဝယ်ရေးကုမ္ပဏီနှင့် သုခမ္မအိမ်ခြံမြေအထွေထွေအကျိုးဆောင်ကုမ္ပဏီ ဥက္ကဋ္ဌ၊ အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇဓာတရေ ဦးအောင်တိုးနှင့်အလုပ်အမှုဆောင်များ၊ ခရိုင်/မြို့နယ်အသင်းများမှ ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်များ၊ အသင်းသား၊အသင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဆရာတော်သံဃာတော်များနှင့်ကြွရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားအား ဖွင့်လှစ်ပြီး ဂီတမှူးဦးအောင်ကြီးက ထူးမခြားနားသီချင်းဖြင့် ပူဇော်သည်။ ထို့နောက် ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဝိစ္စရထံမှ ငါးပါးသီလဆောက်တည်ခံယူကြပြီး မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (မန္တလေးတိုင်းဒေသကြီး)တာဝန်ရှိသူများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ဆောင်ရွက်လှူဒါန်းကြသည်။ ထို့နောက် ဆရာတော်များထံမှ မေတ္တသုတ်နှင့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြကာ သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ဝ၉၃)**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ လမ်း၄၀နှင့် ၆၈လမ်းထောင့်၊ ဓမ္မာရုံရှေ့နှင့် အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ လေးစုဓမ္မာရုံ၊ အ·ထ·က(၁) ကျောင်းအနောက်ဘက်တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဇူလိုင် ၂၄ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာဝင်းအတွင်း၊ ပုံကျဈေးအနီး ဓမ္မာရုံရှေ့တွင်လည်းကောင်း၊ ဇူလိုင် ၂၅ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ ၇၂လမ်းနှင့် မင်္ဂလာပန်းခြံလမ်းထောင့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တွင်လည်းကောင်း၊ ဇူလိုင် ၂၆ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ လမ်း၈၀၊ ၃၉လမ်းနှင့် လမ်း၄၀ ကြား၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(ဝ၁ဝ၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (ဝ၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ဝ၂-၂၈၄၇၃၉၈၊ ဝ၂-၂၈၃၂ဝဝ၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-ဝ၂-၄ဝ၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစွမ့်ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစွမ့်ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၄၂ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)

**မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်ငွေမြင့်အေးအား မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၄၃ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)

**မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်ခိုင်ခိုင်မျိုးအား မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

### မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၃

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Michael Dunford အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်



(ယာပုံ)

## မလွန်ဈေးဆန်လှူအသင်း (၁၂၉)ကြိမ်မြောက် ဆွမ်းဆန်တော်လှူဒါန်းရေး သင်းထောက်အစည်းအဝေး ကျင်းပ



ပုသိမ်ကြီး ဇူလိုင် ၂၃

ပုသိမ်ကြီးမြို့နယ် မလွန်သင်းထောက်အဖွဲ့၏ (၁၂၉)ကြိမ်မြောက် မလွန်ဈေးဆန်လှူအသင်းကြီးသို့ ဆွမ်းဆန်တော်များ လှူဒါန်းနိုင်ရေး အစည်းအဝေးကို မြို့နယ်သင်းထောက်အဖွဲ့ဥက္ကဋ္ဌ ဦးထွန်းခင် နေအိမ်၌ နံနက် ၉ နာရီက ကျင်းပသည်။

ရွှေဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆိုဖွင့်လှစ်၍ အသင်းနာယက ဦးဝင်းလေးက အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် သင်းထောက်ဥက္ကဋ္ဌ ဦးထွန်းခင်က အသင်းကြီးမှ ပေးပို့သော လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားပြီး အောင်မြင်အောင် ဆောင်ရွက်ရေးကို သက်ဆိုင်ရာအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရေးကို ပြောကြားသည်။

(ဝဲပုံ)

ဆက်လက်၍ အသင်း၏ ဒုတိယဥက္ကဋ္ဌ ဦးကျော်ငွေနှင့် ဦးဝင်းအောင်၊ ဦးခင်မောင်သိန်းတို့က ပါဝင်ဆွေးနွေးကြသည်။ ထို့နောက် မလွန်ဈေးဆန်လှူအသင်း၏ (၁၂၉)ကြိမ်မြောက် ဆွမ်းဆန်တော်များ ပို့ဆောင်လှူဒါန်းရေးအတွက် အလှူခံဆောင်ရွက်ရေးကို ဆုံးဖြတ်ကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။

(၀၉၁)

၀-၀-၀-၀-၀

# လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## လျှပ်စစ်ကဏ္ဍတွင် လက်ရှိအသုံးပြုနေသောအရင်းအမြစ်များအပြင် နေရောင်ခြည်စွမ်းအင်၊ လေအား၊ LNG စသည့်အရင်းအမြစ်များကိုပါ တိုးမြှင့်အသုံးပြု

နေပြည်တော် ဇူလိုင် ၂၃

လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်၏ (၄/၂၀၂၅) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌများနှင့် ကော်မရှင်အဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက အွန်လိုင်းမှ တက်ရောက်ကြသည်။




လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

### အကောင်အထည်ဖော်ဆောင်ရွက်

ရှေးဦးစွာ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် စတင်ဖွဲ့စည်းပေးခဲ့ပြီး ၇ လတာ ကာလအတွင်း ကော်မရှင်လုပ်ငန်းတာဝန် ၁၅ ချက်ကို ချမှတ်ပေးခဲ့ရာ အတိုင်းအတာတစ်ခုအထိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယနေ့အစည်းအဝေးတွင်လည်း လျှပ်စစ်နှင့်စွမ်းအင်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းတာဝန်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှု၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို အလေးထား ဆွေးနွေးစေလိုပါကြောင်း၊ ထို့အပြင် ယခင်ပြီးစီးခဲ့သည့် အစည်းအဝေးများမှ ရရှိခဲ့သည့်ဆွေးနွေးဆုံးဖြတ်ချက်များအပေါ်အခြေခံပြီး ဆက်လက်ဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက်များ စူးစမ်း၊ လေ့လာ၊ တူးဖော်မည့် ကိစ္စရပ်များ၊ ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍဆောင်ရွက်ဆဲနှင့် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များ အပါအဝင် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသွားစေလိုပါကြောင်း။

Generation Mix ကိစ္စနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပညာရှင်များက နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အပေါ် မူတည်ပြီး ဓာတ်အားဖြည့်ဆည်းပေးနိုင်ရန်၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရန်၊ ပြန်ပြည့်မြဲစွမ်းအင်အချိုးအစားတစ်ခုပါဝင်ရန်အတွက် အမှန်တကယ်ရရှိနိုင်မည့် စွမ်းအင်လောင်စာများနှင့် နှစ်အလိုက် ရည်မှန်းချက်လျာထားပြီး Generation Mix သတ်မှတ်ရန် လိုအပ်မည်ဖြစ်သည့်အတွက် National Electricity Master Plan 2014 (JICA) နှင့် Nationally Determined Contribution (NDC) 2021 ရည်မှန်းချက်များအပေါ် အကြံပြုဆွေးနွေးရန်ရှိသည်များကို ဆွေးနွေးပေးစေလိုပါကြောင်း၊ တစ်ဆက်တည်းတွင် အရင်းအမြစ်မျိုးစုံမှ လျှပ်စစ်နှင့်စွမ်းအင်ထုတ်ယူသုံးစွဲမှုနှင့်ပတ်သက်ပြီး လျှပ်စစ်ကဏ္ဍတွင် လက်ရှိအသုံးပြုနေသောအရင်းအမြစ်များအပြင် နေရောင်ခြည်စွမ်းအင်၊ လေအား၊ LNG စသည့် အရင်းအမြစ်များကိုပါ တိုးမြှင့်အသုံးပြုနိုင်ရန်၊ နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းများမှတစ်ဆင့် ဓာတ်အားဝယ်ယူခြင်းတို့ကဲ့သို့ နည်းလမ်းများပါ အကောင်အထည်ဖော် ဆောင်ရွက်နေကြသလို စွမ်းအင်ကဏ္ဍတွင်လည်း လက်ရှိ ရှိရင်းစွဲ ရေနံမြေများ ထုတ်လုပ်မှု တိုးတက်လာရန် အဆင့်မြင့်နည်းပညာရပ်များ အသုံးပြုခြင်း၊ ရေနံမြေအသစ်များရှာဖွေခြင်း၊ ကမ်းလွန်စီမံကိန်းအသစ်များ အကောင်အထည်ဖော်ခြင်း၊ ရေနံချက်စက်ရုံများ အသစ်တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းတို့ ဆောင်ရွက်လျက်ရှိပါကြောင်း။

### အမြန်ဆောင်ရွက်ပေးလျက်ရှိ

ယခုလို ဖွံ့ဖြိုးရေးလုပ်ငန်းများ တစ်ရက်စောပြီးပါက နိုင်ငံတော်အတွက် တစ်ရက်ပို၍အကျိုးရှိမည်ဖြစ်ရာ လုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ထပ်မံတိုက်တွန်းလိုပါကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးရေးစီမံကိန်းများသည် လုပ်ငန်းသဘောသဘာဝအရ ရင်းနှီးမြှုပ်နှံမှုများပြားသည့် စီမံကိန်းများဖြစ်၍ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရရှိလာရေးကိုလည်း ဦးစားပေးလုပ်ငန်းရပ်တစ်ခုအနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထိုအတွက်ကိုလည်း "နိုင်ငံတကာနှင့်ဒေသတွင်း လျှပ်စစ်နှင့်စွမ်းအင် ပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအဖွဲ့" ကို ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနက ဦးဆောင်ဖွဲ့စည်းခဲ့ပြီးဖြစ်ရာ အဆိုပါအဖွဲ့အနေဖြင့်လည်း လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် ဆောင်ရွက်သွားရန် မှာကြားလိုပါကြောင်း၊ ထို့အပြင် ပြည်တွင်း/ပြည်ပမှ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာ လုပ်ငန်းများတွင် လာရောက်ပူးပေါင်းဆောင်ရွက်နိုင်ရန် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရေး၊ အခွင့်အလမ်း (Opportunity) များ ဖန်တီးပေးနိုင်ရေး၊ ဆွဲဆောင်မှု (incentive) ပေးရေး၊ လုပ်ငန်းကြန့်ကြာမှုများလျှော့နည်းစေရန် စီမံဆောင်ရွက်ပေးခြင်း၊ စီမံကိန်းမြေနေရာရရှိနိုင်ရေး One Stop Service၊ ငွေကြေးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ အခက်အခဲများအချိန်နှင့်တစ်ပြေးညီ ဖြေရှင်းပေးခြင်း စသည့် လုပ်ဆောင်ပေးနိုင်သည်များကို အမြန်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အမျိုးသားအကျိုးစီးပွား (National Interest) နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု (Socio Economic) တို့အတွက် အဓိကကျကြောင်း၊ လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်ရန်နှင့် ပြန်ပြည့်မြဲစွမ်းအင်မှ ထုတ်ယူသုံးစွဲရန်ကိုလည်း အမြဲလမ်းညွှန်မှာကြားလျက်ရှိပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ ရန်ကုန်တိုင်းဒေသကြီး ဆိုလာပြားထုတ်လုပ်သည့် စက်ရုံကို သွားရောက်စစ်ဆေးခဲ့သည့် ခရီးစဉ်တွင် ပြည်တွင်းတွင် ထုတ်လုပ်သည့် ဆိုလာပြားများ၏ အရည်အသွေးကို ပြည်ပမှတင်သွင်းသည့် ဆိုလာပြားများနှင့်ယှဉ်လျှင် အရည်အသွေးလျော့ကျမှု မရှိစေရေးနှင့် စနစ်တကျထုတ်လုပ်နိုင်ရေး၊ ဆိုလာပြားများအား ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရန်လိုပြီး ဆိုလာပြားထုတ်လုပ်မှုတိုးတက်ရေးနှင့်ပတ်သက်၍ စက်မှုဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ စွမ်းအင်ကဏ္ဍတွင် အထူးသဖြင့် ကမ်းလွန်လုပ်ကွက် စီမံကိန်းများသည် အရေးကြီးသည့် စီမံကိန်းများဖြစ်သောကြောင့် ယင်းစီမံကိန်းများကို သတ်မှတ်ချိန်အတိုင်း ဆောင်ရွက်နိုင်ရေး၊ လေ့လာရေးနှင့် ရှာဖွေရေးလုပ်ငန်းများ မြန်မြန်စတင်နိုင်ရန် သက်ဆိုင်ရာကုမ္ပဏီများကို တွန်းအားပေး ကြပ်မတ်ဆောင်ရွက်သွားရန်မှာကြားလိုပါကြောင်း၊ ထို့အပြင် စက်သုံးဆီများကို ပြည်တွင်းတွင် တိုးမြှင့်ထုတ်လုပ်နိုင်မှုကြောင့် နိုင်ငံခြားငွေသုံးစွဲရမှုကို လျှော့နည်းသက်သာစေရန် ရေနံချက်စက်ရုံများ အဆင့်မြှင့်တင်ခြင်းကို သတ်မှတ်ချိန်အတွင်းပြီးစီးရေး အလေးထား ဆောင်ရွက်ပေးစေလိုပါကြောင်း၊ လျှပ်စစ်ဓာတ်အားကို အကျိုးရှိစွာ သုံးစွဲနိုင်ရေးအစီအမံချမှတ်နိုင်ရန်၊ ဓာတ်အားလျော့နည်းပျောက်ဆုံးမှု မဖြစ်စေရေး စစ်ဆေးရေးအဖွဲ့များဖွဲ့၍စစ်ဆေးနိုင်ရန်၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ကြံ့ခိုင်မှုရှိစေရေး ဆောင်ရွက်ရန်လိုပါကြောင်း၊ လာမည့်နွေရာသီအမီ လျှပ်စစ်ဓာတ်အား ပိုမိုရရှိစေရေး ဆက်လက်ဆောင်ရွက်သွားရန် ပြောကြားလိုပါကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍသည် ကျယ်ပြန့်ပြီး သက်ဆိုင်ရာ Stakeholder အားလုံး ပေါင်းစပ်ဆောင်ရွက်မှသာ စဉ်ဆက်မပြတ်သည့် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မည်ဖြစ်သည့်အတွက် သက်ဆိုင်သူများအားလုံး ပေါင်းစပ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းနှင့် ကော်မရှင် ဒုတိယဥက္ကဋ္ဌ (၂) စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်တို့က တတိယအကြိမ် အစည်းအဝေးကာလအပြီး လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဝန်ကြီးဌာနနှင့်သက်ဆိုင်သည့် ကော်မရှင်၏ လုပ်ငန်းတာဝန်များအား ရှင်းလင်းတင်ပြကြပြီး ကော်မရှင်အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့က ကော်မရှင်အစည်းအဝေး (၃/၂၀၂၅) ဆုံးဖြတ်ချက်များအနက် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတို့နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုနှင့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များက ဆောင်ရွက်ထားရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသော ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများက ချမှတ်ထားသည့် လုပ်ငန်းတာဝန်များအပေါ် မိမိတို့ဝန်ကြီးဌာနနှင့် သက်ဆိုင်သော အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများနှင့် အကြံပြုချက်များအား ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ UMFCCI ဥက္ကဋ္ဌတို့က ပြည်ထောင်စုနယ်မြေ၊ မိမိတို့တိုင်းဒေသကြီး/ပြည်နယ်အတွင်း ဆောင်ရွက်ဆဲ/ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းအခြေအနေများနှင့် ကော်မရှင်၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အကြံပြုလိုသည်များကို ဆွေးနွေးတင်ပြကြသည်။

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ဆက်လက်၍ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌက နိုင်ငံတော်တွင် လိုအပ်နေသည့် လျှပ်စစ်စွမ်းအားကို ဖြည့်ဆည်းပေးနိုင်မှသာလျှင် မျှော်မှန်းသည့် လူမှုစီးပွားဘဝတိုးတက်ပြီး Living Standard မြင့်မားလာမည်ဖြစ်သလို နိုင်ငံတော်၏ ကုန်ထုတ်လုပ်ငန်းများ တိုးတက်ပြီး ပြည်တွင်း အသားတင်ထုတ်လုပ်မှု (GDP) တိုးတက်မှုရှိလာမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက်အကျိုးဖြစ်ထွန်းမည့် စီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေး၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုချက်ရရှိရေး၊ ဓာတ်အားဝယ်ယူရေးဆိုင်ရာ သဘောတူညီချက်များ၊ MOU/ MOA ဆိုင်ရာ ကိစ္စရပ်များတွင် ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြားခဲ့သည်။

သတင်းစဉ်

# မန္တလေးငလျင်ဘေးသင့်ပြည်သူများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသမီးများအဖွဲ့ချုပ် All China Women's Federation (ACWF) မှ လှူဒါန်းသည့် အလှူပစ္စည်းပေးအပ်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

**မန္တလေးငလျင်ဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသမီးများအဖွဲ့ချုပ် All China Women's Federation (ACWF) မှ လှူဒါန်းသည့် အလှူပစ္စည်းများ ပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး သီရိရတနာခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်၊ China Foundation For Peace and Development (CFPD) မှ တာဝန်ရှိသူများ၊ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနှင့် ရှမ်းပြည်နယ်တို့တွင် ငလျင်ဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် နိုင်ငံတကာအကူအညီများဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ငလျင်ဘေးသင့်ဒေသများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မိုးကာတဲများ၊ ယာယီအိမ်များ၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ဒီဇယ်ဆီများ၊ မိုဘိုင်းခွဲစိတ်ခန်းများကို အချိန်နှင့် တစ်ပြေးညီ ပံ့ပိုးပေးခဲ့သည့်အပြင် အဆောက်အအုံများအကြား ပိတ်မိနေသူများအား ရှာဖွေ/ကယ်ဆယ်ရေးလုပ်ငန်းများနှင့် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုများ အကူအညီများကို အလျင်အမြန်ဆောင်ရွက်ပေးခဲ့ပါကြောင်း။

တရုတ်နိုင်ငံမှ Emergency Medical Team (EMT) အဖွဲ့ဝင် ၈၂ ဦးသည်လည်း နေပြည်တော်၊ မန္တလေးတို့တွင် ဆေးကုသရေး၊ ရောဂါကာကွယ်ရေးလုပ်ငန်းများ၊ ရေအရည်အသွေး စစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ အမျိုးသမီးကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် တွေ့ကြုံရသည့်စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ အမျိုးသမီးအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်တွင်း၊ ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယခုကဲ့သို့ မြန်မာကျပ်ငွေ ၁၈၀၀၀၀၀၀၀ ခန့် တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများကို လှူဒါန်းသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသမီးများအဖွဲ့ချုပ် All China Women's Federation (ACWF)၊ ကူညီပံ့ပိုးပေးသည့် China Foundation For Peace and Development (CFPD) နှင့် လာရောက်လှူဒါန်းပေးပါသော မြန်မာ - တရုတ် ပူးပေါင်းဆက်ဆံရေး ဗဟိုအသင်း (Myanmar-Chinese Cooperation and Communication Center) တို့ကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ဂုဏ်ပြုကြိုဆိုပါကြောင်း ပြောကြားသည်။

ထို့နောက် China Foundation For Peace and Development မြန်မာနိုင်ငံရုံး ကိုယ်စားလှယ် Mr. Wang Lei က လှူဒါန်းမှုနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်းမှ Senior President၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသစ္စာ (ခ) Mr. Li BoBo က အသင်း၏ လုပ်ဆောင်မှုများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ က ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၃ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း ဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ၊ အသက် ၃၃ နှစ်က ဆင်ဖြူတော် (အထီး)ကလေး တစ်စီးကို ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံးလုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၈ဝခန့် ရှိသည်။



ဆင်ဖြူတော် ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၈ ချက် အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ၅ ခုစီနှင့် နောက်ခြေသည်း ၄ ခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၇ ချက် ကိုက်ညီသော ဆင်ဖြူတော်လေး ဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ယခုအသက် ၃ နှစ်သားအရွယ်တွင် အရပ်အမြင့် ၅ ပေ ၃ လက်မ၊ ကိုယ်လုံးလုံးပတ် ၈ ပေ၊ ကိုယ်အလေးချိန် ၁၅၇၃ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့် လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အများပြည်သူသို့ အသိပေးကြေညာချက်

နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားဖြစ်မှုဆိုင်ရာ အထောက်အထားသည် နိုင်ငံသားစိစစ်ရေးကတ်ပြားဖြစ်ပါသည်။ နိုင်ငံသားဟုဆိုရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဧည့်နိုင်ငံသားလက်မှတ်၊ နိုင်ငံသားပြုခွင့်လက်မှတ်ကို ဥပဒေနှင့်အညီ ကိုင်ဆောင်ထားသူတို့ကို ဆိုလိုပါသည်။ နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက နိုင်ငံတစ်ဝန်းပန်းခင်းစီမံချက်များဖြင့် လွယ်ကူအဆင်ပြေစွာ စိစစ်ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင်လည်း ဒီဂျစ်တယ်စနစ်ဖြင့် ပြည်သူတို့အတွက် လူမှုစီးပွားဆိုင်ရာထိရောက်သော ဝန်ဆောင်မှုများပေးနိုင်ရန် နိုင်ငံအတွင်းနေထိုင်သူများအား e-ID စနစ်ဖြင့် Biographic/Biometric ကောက်ယူကာ Unique ID နံပါတ် ထုတ်ပေးခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယင်းသို့ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းများကို နိုင်ငံတစ်ဝန်းပန်းခင်းစီမံချက်များဖြင့် ဆောင်ရွက်ထုတ်ပေးလျက်ရှိနေသော်လည်း ယခုအခါ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID နံပါတ်တို့ကို အတုအပပြုလုပ်၍ မသိနားမလည်သည့်ပြည်သူများအပေါ် အခွင့်ကောင်းယူကာ အခကြေးငွေရယူဆောင်ရွက်ပေးနေသူများလည်းရှိနေကြောင်းနှင့် Account အမျိုးမျိုး၊ ဆက်သွယ်ရေးတယ်လီဖုန်းနံပါတ်အမျိုးမျိုးဖြင့် တရားမဝင်ကြော်ငြာများကို Online မှ မဟုတ်မမှန်ဖော်ပြဆောင်ရွက်နေကြောင်း စိစစ်တွေ့ရှိရပါသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID တို့ကို အတုအပပြုလုပ်ခြင်း၊ လက်ဝယ်ကိုင်ဆောင်အသုံးပြုခြင်းတို့သည် ပြစ်မှုမြောက်သည့်အတွက် ထိရောက်သော ပြစ်ဒဏ်ချမှတ်ခံရနိုင်ပြီး လက်ရှိတွင်လည်း အတုအပပြုလုပ်ဆောင်ရွက်သူ၊ လက်ဝယ်ကိုင်ဆောင် အသုံးပြုသူများအား နည်းမျိုးစုံဖြင့် စစ်ဆေးဖော်ထုတ်ကာ တရားစွဲဆိုအမှုဖွင့်၍ ထိရောက်သော ပြစ်ဒဏ်များချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ လူမှုကွန်ရက်များတွင် တရားမဝင်ကြော်ငြာဖြန့်ဝေ လှုံ့ဆော်ဝါဒဖြန့်ဆောင်ရွက်နေမှုများကိုလည်း ဆက်လက်စစ်ဆေးဖော်ထုတ်ကာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID လုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်လိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးများသို့ ဆက်သွယ်ဆောင်ရွက်ကြပါရန်နှင့် ပွဲစားများဖြင့်ဆောင်ရွက်ခြင်း၊အတုအပကိုင်ဆောင်အသုံးပြုခြင်း မပြုကြပါရန် အသိပေးအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် MDY-PDF အဖွဲ့ဝင်ကိုးဦး ဥပဒေဘောင်အတွင်း ထပ်မံဝင်ရောက်

နေပြည်တော် ဇူလိုင် ၂၃

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။**

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် တောင်ခမ်းဒေသ တစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို အပြီးတိုင်ပြန်လည် ထိန်းချုပ်နိုင်ခဲ့မှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများ အနေဖြင့် ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင် အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိရာ ဇူလိုင် ၁၇ ရက်မှ ဇူလိုင် ၂၂ ရက်အထိ TNLA အဖွဲ့ဝင် လေးဦး၊ DPLA အဖွဲ့ဝင် ၄၁ ဦးနှင့် MDY-PDF အဖွဲ့ဝင် ၁၅ ဦး၊ စုစုပေါင်း ၆၀ တို့သည် လက်နက်မျိုးစုံ ၁၃ လက်၊ ကျည်မျိုးစုံ ၁၅၁၅ တောင့်၊ ကျည်အိမ် ၁၂ ခုနှင့်အတူ ပြန်လည် ဝင်ရောက်လာခဲ့ကြသည်။

ယနေ့တွင်လည်း MDY-PDF အဖွဲ့မှ အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီး နှစ်ဦး စုစုပေါင်း ကိုးဦးတို့သည် ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုခြင်း၊ တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ယုံကြည်လက်ခံခြင်းများကြောင့် လက်နက်ကိုင် လမ်းစဉ်ကိုစွန့်လွှတ်ပြီး နီးစပ်ရာတပ်မတော်စခန်း များမှတစ်ဆင့် ဥပဒေဘောင်အတွင်းကို ပြန်လည် ဝင်ရောက်လာခဲ့ရာ ၎င်းတို့ကို တာဝန်ရှိသူများက ပြန်လည်လက်ခံပြီး လိုအပ်သည့်ကူညီထောက်ပံ့မှု များဆောင်ရွက်ပေးခဲ့ကာ(**အပေါ်ယာပုံ**) မိဘအုပ်ထိန်းသူ များထံကို ပြန်လည်လွှဲပြောင်း အပ်နှံခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ များ၏ ကနဦးပြောကြားချက်များအရ ၎င်းတို့သည် အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်သူများ ဖြစ်ပြီး အကြမ်းဖက်သမားများ ရောက်ရှိလာကာ ၎င်းတို့အဖွဲ့ထဲ မဝင်ရောက်ပါက မိဘဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မလူသစ်စုဆောင်းခြင်း ကိုခံခဲ့ရကြောင်း၊ ထို့ပြင် အကြမ်းဖက်သမားများသည် ငွေရေးကြေးရေးအခက်အခဲများကြောင့် စားသောက်နေ ထိုင်ရာတွင် အနေဆင်းရဲ၊ အစားဆင်းရဲဖြင့် ပင်ပင် ပန်းပန်း နေထိုင်ခဲ့ရကြောင်း၊ ယင်းအပြင် ၎င်းတို့အဖွဲ့ အတွင်း၌ လက်နက်အားကိုးဖြင့် အထက်အောက် အနိုင်ကျင့်ဗိုလ်ကျ လူမျိုးရေးခွဲခြားဆက်ဆံခံရခြင်း၊ အဆင့်အတန်းခွဲခြားဆက်ဆံခံရခြင်းများ ရှိကြောင်း၊ တပ်မတော်၏ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation)များ ဆင်နွှဲမှုတွင် အကျအဆုံးများ များပြားလာခြင်းများကြောင့် စိတ်ဓာတ်များကျဆင်းလာခြင်း၊ မိသားစုများနှင့် နွေးနွေးထွေးထွေး ပြန်လည်နေထိုင်လိုပြီး တောထဲ၌ နေထိုင်လိုမှုမရှိခြင်း၊ ၎င်းတို့၏ လုပ်ရပ်များသည် ပြည်သူလူထုအတွက် များစွာထိခိုက်နစ်နာသည်ကို သိရှိနားလည်သဘောပေါက်လာခြင်းကြောင့် ၎င်းတို့ လုပ်ရပ်များကို စိတ်ပါဝင်စားမှုမရှိတော့ခြင်း၊ တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာခြင်းတို့ကြောင့် ယခုကဲ့သို့ ၎င်းတို့အဖွဲ့အတွင်းမှ ပြန်လည်ထွက်ခွာလာကာ နီးစပ်ရာတပ်မတော် စခန်းများမှတစ်ဆင့် ဥပဒေ ဘောင်အတွင်းကို ပြန်လည်ဝင်ရောက်လာခြင်းဖြစ် ကြောင်း သိရှိရသည်။

ထိုသို့ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင် အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆို လက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေး ကာ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲအပ်ပေး လျက်ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေး





အမျိုးသား



အမျိုးသမီး

ကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများ သို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆို လက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများအား ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ အလင်းဝင်ရောက်လာသူများ၏ ရင်တွင်း စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

**အမျိုးသား**

အကြမ်းဖက် PDF အဖွဲ့အစည်းထဲကို ရောက်ရှိရတဲ့ အကြောင်းရင်းကတော့ ကျွန်တော့်သူငယ်ချင်းက လုပ်ငန်းလုပ်ဖို့ဆိုပြီးတော့ မိုင်းတုံကို လိမ်ခေါ်တယ်။ ကျွန်တော်တို့ ရောက်ရှိသွားတဲ့ အချိန်မှာ ဒီအကြမ်းဖက် PDF သင်တန်းကို တက်ရမယ်လို့ ပြောပါတယ်။ ကျွန်တော်က မတက်ချင်တဲ့အတွက် သူတို့ကိုသွားပြော တယ်။ သူတို့အထက်အရာရှိက မင်းမတက်ရင် မင်းတို့ကို သတ်ပစ်မယ်ဆိုပြီးတော့ ပြောတယ်။ ကျွန်တော့်သူငယ်ချင်းကလည်း မင်း ဒီသင်တန်းကို မတက်ရင် သတ်ပစ်မယ်လို့ ပြောပါတယ်။ အမှန် တကယ်လည်း ဒီသင်တန်းကို မတက်ဘဲ ပြန်သွားတဲ့ အဖွဲ့တွေကိုလည်း သူတို့သတ်ပစ်တာတွေကို မြင်ခဲ့ ရပါတယ်။ အဲဒါကြောင့် ကျွန်တော် ဒီသင်တန်းကို ဆက်ပြီးတက်ခဲ့ရပါတယ်။ သင်တန်းကာလအတွင်း မှာလည်း အစားအသောက်ပိုင်းဆိုင်ရာမှာ ကျွန်တော် တို့ကို ကျွေးတဲ့ရက်ရှိသလို၊ မကျွေးတဲ့ရက်လည်း ရှိပါတယ်။ တစ်ခါတလေဆိုရင် ရှူးရှဲလက်ဖက်ထုပ်နဲ့ပဲ စားရတဲ့အခါရှိသလို ရေနဲ့ပဲစားရတဲ့အခါလည်း ရှိပါတယ်။ ခက်ခက်ခဲခဲ သင်တန်းတက်ရတယ်။ ကျွန်တော်တို့နဲ့ပါလာတဲ့ ညီမငယ်တွေ၊ အစ်မတွေ ကိုလည်း သူတို့ရဲ့ အထက်အရာရှိပိုင်းတွေအနားမှာ ခေါ်ထားပြီး မတော်မတရားတွေလုပ်တယ်။ အဓမ္မ ပြုကျင့်တယ်။ အဲဒါတွေကိုလည်း မျက်မြင်ကိုယ်တွေ့ မြင်ခဲ့ရတယ်။ မြင်ခဲ့ရပေမယ့်လည်း ကျွန်တော်တို့မှာ ပြန်ပြောပိုင်ခွင့်မရှိဘူး။ သူတို့မှာက သေနတ်တွေနဲ့ ဆိုတော့ အမြင်မကြည်ရင်၊ သူတို့စိတ်ဆန္ဒအဆင်မပြေရင် ခေါ်ပြီးတော့ သတ်တယ်။ ဒါတွေကို မြင်တွေ့ရတဲ့အခါမှာ စိတ်နာတယ်။ ကျွန်တော်တို့ကို သင်တန်းပြီးတော့ မတ္တရာဂွင်ဘက်ကိုပို့တော့ သင်တန်းဆင်းတာမှ တစ်ပတ်လောက်ပဲ ရှိသေးတယ်။ ရှေ့တန်းကို တန်းလွှတ်တယ်။ ရှေ့တန်းကို လွှတ်တော့လည်း လူအင်အားနည်းနည်းလေးနဲ့ ပစ္စည်းတွေလည်း စုံစုံလင်လင် မပေးဘူး။ သူတို့တွေကဆိုရင် အနောက် ကနေပဲ အမိန့်ပေးတယ်။ ရှေ့ကိုတစ်ယောက်မှ မလာ ဘူး။ ဒီအတွက်လည်း ကျွန်တော့်မှာ စိတ်ခံစားချက် ရှိတယ်။ ရှေ့ရောက်တော့လည်း တပ်မတော်ဘက်က အင်အားအလုံးအရင်းနဲ့ ထိုးစစ်ဆင်လာတယ်။ လူအင်အား၊ လက်နက်အင်အား မမျှတဲ့အတွက် အနောက်ကို ပြန်ဆုတ်ဖို့ သူတို့ကို ပြောတယ်။ ပြောတဲ့ အချိန်မှာလည်း သူတို့က မင်းတို့နောက်မဆုတ်ရဘူး။ နောက်ဆုတ်ရင် မင်းတို့ကို သတ်ပစ်မယ်လို့ ခြိမ်းခြောက် တယ်။ ကျွန်တော်တို့ထဲကမှ ခိုးပြန်သွားတဲ့ကောင်တွေကို ကျွန်တော်တို့ ရှေ့မှာတင်သတ်ပစ်တယ်။ ကျွန်တော် တို့လည်း ကြောက်ပြီးတော့ တပ်မတော်ကို ခုခံရတယ်။ ကိုယ့်ကိုယ်ကိုယ် အသက်မသေအောင်ကာကွယ်ပြီးတော့ တပ်မတော်ထံ အလင်းဝင်ဖို့ သူငယ်ချင်းတွေစုပြီးတော့ တိုင်ပင်ကြတယ်။ သူတို့အွန်လိုင်းပေါ်မှာတင်ထားတာ က တပ်မတော်ထံက အလင်းဝင်ရောက်လာတဲ့သူဆိုရင် ဆုငွေပေးတယ်။ ကောင်းကောင်းမွန်မွန်ထားတယ် ဆိုပြီး အွန်လိုင်းပေါ်မှာ တင်ထားတယ်။ ဒါတွေက တကယ်မဟုတ်ပါဘူး။ သူတို့လုပ်တာက တပ်မတော်ထံမှ အလင်းဝင်လာတဲ့သူတွေကို သတ်ပစ်တယ်။ သေနတ် တွေယူထားတယ်။ အဲဒီလိုမျိုးလုပ်တယ်။ ကျွန်တော် တို့ကိုလည်း ပြန်ပြောတယ်၊ တပ်မတော်ထံအလင်း ဝင်ရောက်တယ်ဆိုရင် ဒီလိုပဲသတ်ပစ်မယ်ဆိုပြီး ကျွန်တော်တို့ကိုပြောထားတယ်။ အဲဒီတော့ ကျွန်တော် တို့ တွေဝေသွားတယ်။ အရင်အလင်းဝင်သွားတဲ့ ကျွန်တော်တို့ သူငယ်ချင်းတွေနဲ့ ချိတ်ဆက်မိတဲ့အခါမှာ ဒီလိုဒီအကြောင်းပဲ မေးကြည့်တယ်။ သားကြီး အဲဒါ မဟုတ်ဘူး။ ဒီမှာအေးအေးဆေးဆေးပဲ နွေးနွေးထွေးထွေးပဲ ကြိုဆိုတယ်ဆိုပြီးတော့ ပြောတဲ့အချိန်မှာ ကျွန်တော်တို့ အလင်းဝင်ရောက်တယ်။ တကယ်လည်း ဟုတ်ပါတယ်။ အလင်းဝင်ရောက်တဲ့အချိန်မှာ နွေးနွေးထွေးထွေးကြိုဆို တယ်။ ကိုယ့်မိဘထံကို အေးအေးဆေးဆေးပဲ ပြန်လိုက်အပ်ပေးတယ်။ အဲဒါအတွက်လည်း တပ်မတော် ကို ကျေးဇူးတင်တယ်။ ကျွန်တော် မတ္တရာဂွင်ဘက်မှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ အယ်ဖာပတ်ပတ်လည်က ကျေးရွာတွေမှာလည်း ပစ္စည်းတွေ၊ စားသောက်စရာတွေ၊ တန်ဖိုးရှိတဲ့ ပစ္စည်းတွေကို ကျွန်တော်တို့ အဓမ္မယူ ဆောင်၊ သုံးဆောင်ရတယ်။ အဲဒီပစ္စည်းတွေသုံးဆောင် ရတာလည်း တချို့ပစ္စည်းတွေဆိုရင် အထက်အရာရှိ ပိုင်းတွေကို ပြန်အပ်ရတယ်။ သူတို့က ဒီလိုဒီအကြောင်း ပဲ ဒီအိမ်ကို ပိတ်လိုက်ပြီးရင် ချိတ်ပိတ်ဒလန့်အိမ်ဆိုပြီး ကျွန်တော်တို့ကိုပြောတယ်။ ချိတ်ပိတ်ပြီးတော့ ပစ္စည်း တွေကို သူတို့ကိုအပ်ရတယ်။ အဲဒါတွေကို ရွံ့ရှာ မုန်းတီးလာတယ်။ ရွံ့ရှာမုန်းတီးလာတဲ့အချိန်မှာ ကျွန်တော်တပ်မတော်ထံကို အလင်းဝင်ရောက်တယ်။ မိဘပြည်သူတွေကို ကျွန်တော် အနူးအညွတ်တောင်းပန် ပါတယ်။ အကြမ်းဖက် PDF အဖွဲ့အစည်းထဲက ထွက်ရှိလိုက်တဲ့အတွက် နောက်နောင်ဒီလိုမဖြစ်စေရ ပါဘူးလို့လည်း ကတိပေးပါတယ်။ တောထဲမှ ညီအစ်ကို မောင်နှမတွေကိုလည်း တပ်မတော်ထံအလင်းဝင်ဖို့ ကျွန်တော် ဖိတ်ခေါ်ပါတယ်။ ကျွန်တော်တို့ဘက်က အကူအညီလိုအပ်ရင် ကူညီဖို့အသင့်ပါပဲ။

**အမျိုးသမီး**

ကျွန်တော် အကြမ်းဖက်အဖွဲ့အစည်းအတွင်း ရောက်ရှိရတဲ့ အကြောင်းရင်းကတော့ ကျွန်တော့် သူငယ်ချင်းတွေရဲ့ လိမ်လည်ပြောဆိုမှုကြောင့် ရောက် သွားခဲ့ပါတယ်။ အကြမ်းဖက်အဖွဲ့အစည်း PDF ထံ ရောက်တော့ ကျွန်တော် သင်တန်းမတက်ချင်ဘူးလို့ ပြောတဲ့အခါမှာ သင်တန်းမတက်လို့မရဘူး၊ သင်တန်း တက်ရမယ်ပြောတဲ့အခါမှာ ကျွန်တော် အိမ်ပြန် ခွင့်တောင်းပါတယ်။ အိမ်ပြန်လို့မရဘူး၊ အိမ်ပြန်တဲ့ အခါကျရင် ဖမ်းရင်မိရင်သတ်ပစ်မယ်။ ဖမ်းမယ်၊ သတ်ပစ်မယ် ပြောတဲ့အခါမှာ မပြန်ဘဲနဲ့ PDF သင်တန်း ကို တက်ခဲ့ရပါတယ်။ သင်တန်းရောက်တော့လည်း အခက်အခဲတွေအများကြီး တွေ့ခဲ့ရပါတယ်။ မိန်းကလေး တွေဆိုရင်လည်း ညဆိုရင်ကင်းတွေ စောင့်ခိုင်းပါတယ်။ ဆောင်းတွင်းပိုင်းမှာ ရေတွေ စိမ်ခိုင်းပါတယ်။ စားသောက်ပိုင်းဆိုင်ရာမှာလည်း ရှူးရှဲတစ်ထုပ်နဲ့ပဲ အများစားခဲ့ရပါတယ်။ တစ်ခါတလေကျရင် ဘာမှ မပါဘဲ စားခဲ့ရပါတယ်။ ကျွန်တော့်ကျန်းမာရေး သွေး တွေအန်တဲ့အထိဖြစ်တဲ့အခါမှာလည်း ဆေးမကုပေးဘဲနဲ့ သူတို့သင်တန်းပေးထားတဲ့သူနဲ့ပဲ ကုပေးပါတယ်။ ဆေးရုံတင်ဖို့ပြောတဲ့အခါမှာ ဆေးရုံတင်မပေးပါဘူး။ အစာအိမ်ဖြစ်တာ၊ သေသွားတာမှမဟုတ်တာဘဲဆိုပြီး သင်တန်းတွေ ဆက်တက်ခိုင်းပါတယ်။ မြန်မာဆေးနဲ့ ပျောက်အောင် ကုခဲ့ရပါတယ်။ သင်တန်းမှာ မလုပ် ချင်ဘူးလို့ပြောတဲ့အခါမှာ အပြစ်ပေးပြီးတော့ ရိုက်ပါ တယ်။ အကြောင်းမရှိအကြောင်းရှာပြီး အရိုက်ခံရပါတယ်။ မိန်းကလေးတွေဆိုလည်း အသားယူပါတယ်။ ဘာဖြစ် တာလဲ နေမကောင်းဘူးလားဆိုပြီး လက်တွေ ကိုင်ကြည့်၊ ဟိုဟာကိုင်ကြည့်ပြုလုပ်ပါတယ်။ အဲဒီ ဒဏ်တွေကို မခံနိုင်ပါဘူး။ သင်တန်းဆင်းပြီး ရုံးကို ရောက်တဲ့အခါမှာ အရင်ရောက်တဲ့သူတွေနေရာရပြီး ကျွန်တော်တို့ကျတော့ နေရာမရပါဘူး။ ရောက်ရောက် ချင်းမှာပဲ ဖုန်းတွေသိမ်းသွားခဲ့ပါတယ်။ အိမ်ကို ဖုန်း ဆက်ချင်တယ်လို့ပြောတဲ့အခါမှာ ဖုန်းလုံးဝဆက်ခွင့် မပေးပါဘူး။ အရင်ရောက်တဲ့ အစ်မတွေကျတော့ သူတို့က ဖုန်းတွေလည်းပေးကိုင်ပါတယ်။ အကုန်လုံး အေးအေးဆေးဆေးနေရပါတယ်။ နောက်ရောက်လာတဲ့ လူတွေကပဲ မိန်းကလေးဆိုရင် သစ်တွေထမ်းရတယ်။ ဟိုအောက်လျှိုထဲထိသွားပြီး သစ်တွေထမ်းရတယ်။ ဝါးတွေဆိုရင်လည်း ကိုယ့်ဘာသာခုတ်ပြီး ထမ်းရပါ တယ်။ အဲဒါတွေမလုပ်ဘူးဆိုရင် အပြစ်ပေးပါတယ်။ ညဆိုလည်း ကင်းတွေစောင့်ရပါတယ်။ တစ်ရက်မှ မနားဘဲ စောင့်ခဲ့ရပါတယ်။ ဂိတ်ကင်းဆိုလည်း ကင်းစောင့်ရပါတယ်။ ရုံမှာအစားအသောက်ကျွေးပြီ ဆိုလည်း ဘယ်တော့မှ အသားဟင်းမကျွေးခဲ့ပါဘူး။ သူတို့အရာရှိတွေ ညအရက်သောက်ပြီး ပျော်ပါးပြီး တဲ့အခါမှာ မိန်းကလေးတွေက မနက်ဆိုရင် သူတို့ စားပြီးသားတွေကို ရှင်းပေးရပါတယ်။ အန်ထားတာ ကအစ ရှင်းပေးရပါတယ်။ အဲဒါတွေမလုပ်ဘူးဆိုရင် သူတို့က ဘာလို့မလုပ်တာလဲဆိုပြီး အပြစ်ပေး ပါတယ်။ ဆရာဝန်အရာရှိတစ်ယောက်ကဆိုရင် ကျွန်တော်နေမကောင်းလို့ ဆေးခန်းသွားပြတဲ့အခါမှာ နေမကောင်းတာဘာဖြစ်လို့လဲဆိုပြီး လက်တွေ ကိုင်ပါတယ်။ ခွင့်မပြုတဲ့အခါမှာ သူကျွန်တော့်ကို ဆေးမကုပေးပါဘူး။ ဘာမှမဖြစ်ဘူးဆိုပြီး ဒီအတိုင်းပဲ ပြန်လွှတ်ပါတယ်။ အရင်ရောက်တဲ့ မိန်းကလေးတွေ ဆိုရင် ကျွန်တော်တို့နောက်ရောက်တဲ့ မိန်းကလေး တွေဆို အနိုင်ကျင့်ပါတယ်။ ပြောဆိုပါတယ်။ ပြောလို့ ရတဲ့သူဆို သူတို့ဖိပြောပါတယ်။ အဲဒီဒဏ်တွေကို

စာမျက်နှာ ၇ သို့

❍ ရှေ့ဖုံးမှ

ထိုသို့ အချက်အချာကျသည့် သပိတ်ကျင်းမြို့အား မိုးမိတ်၊ မိုးကုတ်မြို့နယ်မှတစ်ဆင့် အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့မှစ၍ သပိတ်ကျင်းမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်စခန်းများ၊ တပ်ရင်း/ တပ်ဖွဲ့နှင့် မြို့/ရွာများအား အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ဒေသခံပြည်သူများ၏ နေအိမ်များအားမီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများပိုင်ဆိုင်သည့် ပစ္စည်းများအား အတင်းအဓမ္မလုယက်ယူဆောင်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သဖြင့် ဒေသခံပြည်သူများအနေဖြင့် မိမိတို့၏ တိုက်တာ အိုးအိမ် အဆောက်အအုံများ၊ ဥစ္စာပစ္စည်းများကိုစွန့်ခွာ၍ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ထိုသို့ သာလွန်အင်အားဖြင့် အလစ်အငိုက် လာရောက်တိုက်ခိုက်မှုကြောင့် သပိတ်ကျင်းမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သပိတ်ကျင်းမြို့အား အကြမ်းဖက်သောင်းကျန်းသူများ၏ လက်တွင်းသို့ မကျဆုံးစေရေးအတွက် မိမိတို့၏ အသက်ကို ပဓာနမထားဘဲ ရဲဝံ့စွန့်စားစွာဖြင့် အပြင်းအထန်ခုခံခဲ့သော်လည်း ထိခိုက်ကျဆုံးဒဏ်ရာရရှိမှုများ များပြားလာခြင်းနှင့် ရန်သူမှ အင်အားအဆမတန် များပြားလာခြင်းကြောင့် ကြားခံစစ်အဆင့်ဆင့်ဖြင့် ဆုတ်ခွာခဲ့ပြီး ၇ မိုင်ကျေးရွာအနီးရှိ နယ်မြေခံတပ်ရင်းဌာနချုပ်၌ မဆုတ်တမ်းခံစစ်အဖြစ် အကြမ်းဖက်အဖွဲ့များ၏ တိုက်ခိုက်မှုများကို ခံစစ်ဆင်နွှဲ၍ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များ၏ ထိုးစစ်အရှိန်ကိုရပ်တန့်စေခဲ့ပြီး တန်ပြန်တိုက်ခိုက်နိုင်ရေး လိုအပ်သည့်စစ်ရေးပြင်ဆင်မှုဆိုင်ရာကိစ္စရပ်များကို လေကြောင်းထောက်ပံ့ပို့ဆောင်ရေးစနစ်ဖြင့် အချိန်ယူဆောင်ရွက်ခဲ့သည်။

ထိုသို့ လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုများအား ဖြည့်တင်းဆောင်ရွက်ခဲ့ပြီး လေကြောင်းပစ်ကူအချို့နှင့် ရေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများပူးပေါင်းကာ မြေပြင်/ဝေဟင်/ရေပြင် ဟန်ချက်ညီပေါင်းစပ်ပြီး မြေပြင်သတင်းဖော်ထုတ်၍ တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် သပိတ်ကျင်းမြို့နယ်အတွင်း အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation) ဖြင့် တပ်ရင်းဌာနချုပ် ပတ်ဝန်းကျင်၌စတင်၍ နယ်မြေရှင်းလင်းခဲ့ပြီး တန်ပြန် တိုက်စစ်များ တစ်ဆင့်ပြီးတစ်ဆင့် ခြေကုပ်ယူတိုက်ခိုက်ခဲ့ရာ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် သပိတ်ကျင်းမြို့နယ်အတွင်းရှိ ၆ မိုင်ကျေးရွာအားလည်းကောင်း၊ ဇူလိုင်လ ၅ ရက်နေ့တွင် ၅ မိုင်ကျေးရွာအားလည်းကောင်း၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် ၄ မိုင်ကျေးရွာနှင့် အဆိုပါကျေးရွာအနီး တာဝါတိုင်ကုန်းအားလည်းကောင်း အသီးသီးပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီး ယနေ့တွင် သပိတ်ကျင်းမြို့အား တပ်မတော်က အလုံးစုံ ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

တပ်မတော်စစ်ကြောင်းများက သပိတ်ကျင်းမြို့နှင့် အဆိုပါဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏ အသက်ကိုပဓာနမထားဘဲ ရင်ကိုမြေကတုတ်လုပ်ကာ ရှုပ်ရှုပ်ချွံချွံတိုက်ခိုက်ချေမှုန်းခဲ့ရာ စစ်ဆင်ရေးကာလ ၁၁ လအတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး ၁၇ ကြိမ်၊ ထိတွေ့မှုပေါင်း ၄၅ ကြိမ် ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၅၁ လောင်းနှင့် လက်နက်မျိုးစုံ ၁၁၂ လက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့သည်။

TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် သပိတ်ကျင်းမြို့နှင့် ၎င်းဒေသအား ယာယီသိမ်းပိုက်ထိန်းချုပ်ထားစဉ် မြို့/ရွာများအတွင်းရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံများနှင့် လူနေအိမ်များတွင် ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ယာယီနေရပ်စွန့်ခွာနေရသည့် ဒေသခံပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သည့်အပြင် ဒေသခံပြည်သူများ နေအိမ်များနှင့် ဈေးဆိုင်ခန်းများအားဖောက်ထွင်း၍ တန်ဖိုးကြီးပစ္စည်းများ၊ စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများကို အဓမ္မယူဆောင်ခြင်း၊ အများပြည်သူ သွားလာလျက်ရှိသည့် လမ်းများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အဖျက် အမှောင့်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် သပိတ်ကျင်းမြို့အတွင်းသို့ ယာယီနေရပ်စွန့်ခွာနေကြရသည့် ဒေသခံပြည်သူများအား အန္တရာယ်ကင်းရှင်းစွာ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး မြို့တွင်းမိုင်းရှင်းလင်းခြင်းလုပ်ငန်းများ စတင်ရှင်းလင်းခြင်းနှင့် မိမိတို့ ၏ အိုးအိမ်နေရာများသို့ ပြန်လည်နေထိုင်လိုပြီး ရိုးသားစွာ မိမိတို့၏ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်လိုသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအနေဖြင့်လည်း သက်ဆိုင်ရာလုံခြုံရေးအဖွဲ့များထံ စနစ်တကျသတင်းပို့၍ နေထိုင်နိုင်ရေး သက်ဆိုင်ရာမှ နှိုးဆော်ထားကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း ဌာနဆိုင်ရာဝန်ထမ်းများဖြင့် အစိုးရအုပ်ချုပ်မှုယန္တရားများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ အမြန်ဆုံးလည်ပတ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အောင်ပွဲရတိုက်ပွဲဝင် မြန်မာ့တပ်မတော်သားများအား ဂုဏ်ယူစွာဖြင့် ရရှိသတင်းများကို ဖော်ပြအပ်ပါသည်။ **သတင်းစဉ်**



အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် သပိတ်ကျင်းမြို့အား တပ်မတော်က ပြန်လည်ထိန်းချုပ်။



အကြမ်းဖက်သောင်းကျန်းသူများက လူနေအိမ်များအတွင်း ဘန်ကာများ ပြုလုပ်ထားသည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက အများပြည်သူပိုင် နေအိမ်၊ အဆောက်အအုံများအား ဖျက်ဆီးထားသည့်မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက မြို့နယ်ပြည်သူ့ဆေးရုံအတွင်း ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက အများပြည်သူ သွားလာရာလမ်းများ၌ ဂိတ်များဖွင့်လှစ်ကာ အတင်းအဓမ္မငွေကြေးကောက်ခံခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိခဲ့သည့် မော်တော်ယာဉ်၊ လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်း မှတ်တမ်းဓာတ်ပုံများ။



အကြမ်းဖက်သောင်းကျန်းသူများက စာသင်ကျောင်းအတွင်း ပရိဘောဂပစ္စည်းများအား ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိခဲ့သည့် လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်း မှတ်တမ်းဓာတ်ပုံများ။

*စာမျက်နှာ ၆ မှ*

မခံနိုင်တဲ့အခါမှာ တပ်မတော်ဘက်ကို အလင်းဝင်ရောက်ဖို့ ကြိုးစားခဲ့ပါတယ်။ သူတို့က ပြောပါတယ်နင် အဲဒီဘက်ကိုရောက်ရင် သူတို့က သတ်ပစ်မှာလို့ ပြောတဲ့အခါမှာ ကျွန်တော် တွေဝေခဲ့ပါတယ်။ အလင်းဝင်ရောက်တဲ့ အစ်မတစ်ယောက်ကနေပြီး ဘာမှမဖြစ်ဘူး အဆင်ပြေတယ်။ မိဘတွေလက်ထဲကို ချောချောမွေ့မွေ့ပြန်အပ်တယ်ဆိုတာနဲ့ ကျွန်တော် တပ်မတော်ဘက်သို့ အလင်းဝင်ရောက်ခဲ့ပါတယ်။ တပ်မတော်အတွင်း အလင်းဝင်ရောက်တဲ့အခါမှာလည်း သူတို့ပြောသလိုဖြစ်မနေဘဲနဲ့ နွေးနွေးထွေးထွေးကြိုဆိုပါတယ်။ မိဘတွေလက်ထဲကိုလည်း သေသေချာချာ ပြန်အပ်ပေးပါတယ်။ အဲအတွက်လည်း တပ်မတော်ကို ကျေးဇူးတင်ပါတယ်။ ပြီးရင် ကျွန်တော်တို့ကြောင့်ပဲ ဖြစ်ဖြစ်၊ အဓမ္မစေခိုင်းလို့ပဲဖြစ်ဖြစ် ဒုက္ခရောက်ခဲ့တဲ့ ပြည်သူတွေကိုလည်း ကျွန်တော် ဒီကနေ တောင်းပန်ပါတယ်။ တောထဲမှာကျန်ခဲ့တဲ့ ညီအစ်ကိုမောင်နှမတွေကိုလည်း ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ဖို့ ကျွန်တော် အမြန်ဆုံး ဖိတ်ခေါ်ပါတယ်။ လိုအပ်တာရှိရင်လည်း ကျွန်တော်ကူညီဖို့အသင့်ပါပဲ။ **သတင်းစဉ်**

# နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်လာသော ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက် ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးခြင်းနှင့် ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်ဆက်လက်လက်ခံ

**နေပြည်တော် ဇူလိုင် ၂၃**

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေး အတွက် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter- Terror- ism Operation) ဆောင်ရွက်ကာ ပြန်လည် ထိန်းချုပ်ထားသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ ဌာနဆိုင်ရာတာဝန်



ရှိသူများ၊ တပ်မတော်သားများ ပူးပေါင်း၍ ဒေသခံပြည်သူလူထု လုံခြုံရေးနှင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကလေးသူငယ်များပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည် ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စသည့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူ ၄၂၆ ဦးတို့ကို ဆက်လက် ကျောင်းအပ်လက်ခံပေးသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူ ၁၅၅ ဦးတို့ကို တပ်မတော်သား ဆရာဝန်များနှင့် နယ်မြေခံဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများက နောင်ချိုမြို့ မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်၍ အဖျားရောဂါ၊ ပိုလီယိုရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် နောင်ချိုမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံကြီး အချိန်မီ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် တပ်မတော်သားများက ဆေးရုံပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း စသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကျောင်းသား၊ ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုဆိုင်ရာ အသိပညာပေးဟောပြော၊ စာအုပ်၊ စာစောင်များပြသ

**ကျောက်ဆည် ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ လူထုအခြေပြု ဗဟိုဌာနတွင် ကျောင်းသား၊ ကျောင်းသူများ ဗဟုသုတ ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုး တက်ရေး မီးခိုးမြူငွေ့လေထု ညစ်ညမ်းမှုဆိုင်ရာ အသိပညာ ပေးဟောပြောပွဲ၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့်စာအုပ်စာစောင်များပြသခြင်းကို ယနေ့ နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့သည်၊ **(အောက်ပုံ)**



အသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက မီးခိုးနှင့်မြူတို့ပေါင်းစပ်မှုဖြစ်ပြီး၊ လေထုအတွင်း များစွာသော ဓာတုဗေဒပစ္စည်းများနှင့် အတူ ဖွဲ့စည်းနေသည့် အခိုးအငွေ့များဖြစ်ကြောင်း၊ ကားများ၊ စက်ရုံများ၊ တောမီးလောင်ခြင်းများမှ ထွက်ရှိလာသည့်မီးခိုးများကြောင့် မီးခိုးမြူငွေ့များဖြစ်ပေါ်လာကြောင်းနှင့် ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးသီဟမှ မီးခိုးမြူငွေ့တွင် ပါဝင်သော ဓာတုပစ္စည်းများ အကြောင်း၊ မီးခိုးမြူငွေ့ကြောင့် ကျန်းမာရေးအပေါ်သက်ရောက်မှုများ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများနှင့် မီးခိုးမြူငွေ့အား လျှော့နည်းပပျောက်အောင် ဖြေရှင်းနိုင်သည့် နည်းလမ်းများအကြောင်း အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

အသိပညာပေးဟောပြောပွဲအပြီးတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး အခမ်းအနားသို့တက် ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် စာအုပ်၊ စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်းသိရသည်။

**သက်မောင်(ကျောက်ဆည်)**

ဝ-ဝ-ဝ-ဝ



# အမှိုက်များခွဲခြားစွန့်ပစ်နိုင်ရေး အသိပညာပေးရှင်းလင်းခြင်း ဆောင်ရွက်

**မူဆယ် ဇူလိုင် ၂၃**

မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမျိုးနိုင်ဦး(ဒုတိယညွှန်ကြားရေးမှူး) ကြီးကြပ်မှုဖြင့် ဌာနမှ ဦးစီးအရာရှိဦးဆောင်သောဝန်ထမ်းများသည် ယနေ့နံနက် ၁၀ နာရီတွင် မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနပိုင် အမှတ်(၁)ဈေး၊ အမှတ်(၂)ဈေး၊ ဆင်ဖြူဈေးတို့တွင် အမှိုက်များ ခွဲခြားစွန့်ပစ်နိုင်ရေး အသိပညာပေး ရှင်းလင်းခြင်းများပြုလုပ်ခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ရာ ဈေးများမှ ဈေးကော်မတီများ၊ ဈေးသူ၊ ဈေးသားများ တက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ အသိပညာပေး ရှင်းလင်းခြင်း ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ခြင်း၊ အသိပညာပေးခဲ့ခြင်းကြောင့် ဈေးများတွင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းများ လျှော့နည်းလာမည်ဖြစ်ပြီး အမှိုက်များအား စနစ်တကျခွဲခြားစွန့်ပစ်လာမည်ဖြစ်ကြောင်း သိရသည်။ **(ကဆ)**

# အာနန္ဒာဘုရားကြီး တောင်ဘက်နှင့် မြောက်ဘက်အာရုံခံနှင့် စောင်းတန်းနှစ်သွယ်ရွှေချလုပ်ငန်း တင်ဒါဖွင့်ပွဲကျင်းပ

**ညောင်ဦး ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့ဟောင်းရှိ ကျန်စစ်သားမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် အာနန္ဒာဘုရားကြီး တောင်ဘက်နှင့် မြောက်ဘက်အာရုံခံစောင်းတန်းနှစ် သွယ်ရွှေချလုပ်ငန်းတင်ဒါဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီက အာနန္ဒာဘုရားကြီး ဂေါပကအဖွဲ့ရုံးခန်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ အာနန္ဒာဘုရား ကြီး စောင်းတန်းများ ထိုင်ဝမ်ရွှေဆိုင်းကပ်တင်ဒါလုပ်ငန်း ကြီးကြပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ယွန်းကောလိပ်ကျောင်းအုပ်ကြီး ဒေါ်နီလာမြင့်က အဖွင့်အမှာစကား ပြောကြားပြီး အာနန္ဒာဘုရား ကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းချိုက ထိုင်ဝမ်ရွှေဆိုင်း ရွှေချလုပ်ငန်းနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသည်။ ဆက်လက်၍ ကော်မတီဝင်တစ်ဦးက ထိုင်ဝမ်ရွှေဆိုင်းကပ်လုပ်ငန်းစည်းကမ်းချက်များအား ရှင်းလင်းပြောကြားကာ ထိုင်ဝမ်ရွှေဆိုင်းကပ်လုပ်ငန်း တင်ဒါဆွဲဝယ်သူများမှ စည်းကမ်းချက်များနှင့်ပတ်သက်၍ ပြန်လည်မေးမြန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းဖြေကြားကာ ထိုင်ဝမ်ရွှေဆိုင်းရွှေချလုပ်ငန်းတင်ဒါဖွင့်ပွဲအား ကျင်းပပြီး တင်ဒါအောင်မြင်သူအား လုပ်ငန်းတာဝန်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**(၄၈၁)**

ဝ-ဝ-ဝ-ဝ

# တစ်ချက်တည်းကျင်းဝင်

**မန္တလေး ဇူလိုင် ၂၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဖွံ့ဖြိုးသစ်ကုမ္ပဏီ ရေတံခွန်တောင်ဂေါက်ကွင်းတွင် ဇူလိုင် ၂၂ ရက် ညနေ ၄ နာရီတွင် ဦးစိန်ထွန်းသည် ကျင်းအမှတ်(၈)တွင် အကွာအဝေး ၁၉၁ ကိုက်၌ ဂေါက်တံအမျိုးအစား EPON IRON-7၊ ဂေါက်သီးအမျိုးအစား Titleist- 1 ဖြင့် ဂေါက်ရိုက်ကစားရာ တစ်ချက်တည်းကျင်းဝင်ခဲ့သည်။ တစ်ချက်တည်းကျင်းဝင်ရာတွင် အတူကစားဖော်များအဖြစ် ဦးရန်ကျင်း၊ ဦးတူးတူး၊ ဦးအားထန်၊ ဦးစိုင်းခမ်းလှတို့ဖြင့် ကစားခဲ့သည်။ တစ်ချက်တည်း ကျင်းဝင်ခဲ့သော ဦးစိန်ထွန်းအား Myan Casual Wear ကုမ္ပဏီမှ ဂေါက်အိတ် တစ်လုံး၊ ဝမ်းသာမြန်မာကုမ္ပဏီမှ Cash Coupon ဆယ်သိန်းကျပ် ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ကဆ)**



# လှူငယ်သင်တန်းကျောင်း သင်တန်းသားများအား ဘော်လီဘောအားကစား လေ့ကျင့်သင်ကြားပေးရန် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်း

**မန္တလေး ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီတွဲဖက်အတွင်းရေးမှူး အား/ကာ သိပ္ပံကျောင်းဘော်လီဘောနည်းပြချုပ် လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်ဝေသည် အောင်မြေသာစံမြို့နယ် ၇၃ လမ်းနှင့် ၁၂လမ်းထောင့်ရှိ လူငယ်သင်တန်းကျောင်းမှနည်းပြ ဦးစိုးပေနှင့်တာဝန်ရှိသူများအား ယနေ့နံက်ပိုင်းကသွားရောက်တွေ့ဆုံ၍ သင်တန်းသားများဘော်လီဘောအားကစားလေ့ကျင့်သင်ကြားပို့ချဆောင်ရွက်ပေးရန်အတွက် မန္တလေးတိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနမှ ကူညီပံ့ပိုးသည့်ဘော်လီဘောဘောလုံးများကို ပေးအပ်လှူဒါန်းခဲ့ရာ နည်းပြဆရာမှလက်ခံ၍ ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်းသိရသည်။

**(ဝဲပုံ)**

**တင်မောင်-မန္တလေး**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လိုက်လံစစ်ဆေး

**တောင်တွင်းကြီး ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့မဈေးအတွင်းရှိ ဖွင့်လှစ်ထားရှိသော ဈေးဆိုင်ခန်းများအတွင်း မီးဘေးအန္တရာယ်အလွယ်တကူဖြစ်စေနိုင်သည့် ဖယောင်းတိုင်၊ အမွှေးတိုင်၊ လျှပ်စစ်မီး၊ ခြင်ဆေးခွေများ အသုံးပြုခြင်းရှိ၊ မရှိ စစ်ဆေးခြင်း၊ ဆိုင်ခန်းအတွင်း ဂိုထောင်သဖွယ် သိုလှောင်ထားရှိမှု မရှိစေရေး လိုက်လံစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းကို ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



အဆိုပါ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လိုက်လံစစ်ဆေးခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မြတ် ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မြို့မဈေးတာဝန်ခံနှင့် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဓာတ်ပုံ)

**နောင်နောင် (မိဿနိုးမြေ)**



## မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်မောင်းနှင်သူများအား အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆောင်ရွက်

**မိုးကောင်း ဇူလိုင် ၂၃**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးကောင်းမြို့၌ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် မောင်းနှင်သူများအား အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆောင်ရွက်ခြင်းကို ဇူလိုင် ၂၂ ရက် နံနက် ၁၀နာရီက မိုးကောင်းမြို့တော်ခန်းမရှေ့ ပြည်ထောင်စုလမ်းမကြီး လမ်းဆုံလမ်းထောင့်၌ ပြုလုပ်သည်။

ဆိုင်ကယ်နှင့်မော်တော်ယာဉ်မောင်းနှင်သူများ ထိခိုက်မှုမရှိဘဲ အသက်အန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ အသိပညာပေးဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော် ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲထွန်းအောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးသန့်စင်နှင့် ဝန်ထမ်းများက ဆိုင်ကယ်စီးဦးထုပ်မပါသူများအား ဆိုင်ကယ်စီးဦးထုပ်အခမဲ့ပေးခြင်း၊ ဆိုင်ကယ်စီးလျှင် ဦးထုတ်ဆောင်းပါ စာတန်းပါ အသိပညာပေးစတေကာနှင့်ရောင်ပြန်များကပ်ပေးခြင်း၊ မော်တော်ယာဉ်များတွင် " မော်တော်ယာဉ်မောင်းနှင်စဉ် ထိုင်ခုံခါးပတ် ပတ်ပါ"စာတန်းပါ စတေကာများကပ်ပေးခြင်း၊ လက်ကမ်းစာစောင်များပေးဝေခြင်း၊ လိုင်စင်မဲ့မော်တော်ယာဉ်၊ ဆိုင်ကယ်များအား လက်ဝယ်ထားရှိ စီးနင်းခြင်းများ မပြုလုပ်ရန် အသိပညာပေးပြောကြားခြင်း၊ ဆိုင်ကယ်များတွင် သတ်မှတ်နံပါတ်ပြားနှင့် ဘက်မှန်များတပ်ဆင်အသုံးပြုရန်၊ ဦးထုပ်ဆောင်းရန်၊ မော်တော်ယာဉ်မောင်းနေစဉ် ထိုင်ခုံခါးပတ် ပတ်ထားရန် အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ဓာတ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ ဘုရားကြီးမြို့၊ ဘုရားလေးကျေးရွာ ZTH ဆီဆိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၆ မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toe 12 Wheels Truck တစ်စီးကိုလည်းကောင်း၊ ဇူလိုင် ၂၁ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ၂၁ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၈ လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၂၁ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဝိုင်းမော်မြို့နယ်၊ မိုင်းနားကျေးရွာ၊ နိုင်းစတား စက်သုံး ဆီဆိုင်အနီး၌ ရပ်တန့်ထားသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် စားသောက်ကုန်ပစ္စည်း ခုနစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Truck တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ် ရွှေကြက်ယက်ဆိပ်ကမ်းအနီး၌ မန္တလေးမြို့မှ မိုးညှင်းမြို့သို့သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၃၁ မျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုးနှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck တစ်စီးကိုသိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ် တာချီလိတ်-ဝမ်ပုံကားလမ်းမဘေး စွတ်ဆိုင်ကျေးရွာရှိ ခြံဝင်းတစ်ခုအတွင်း၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း တစ်မျိုးကိုလည်းကောင်း၊ တာချီလိတ်မြို့နယ် တာချီလိတ်-ဝမ်ပုံကားလမ်းမဘေး ပါခါကျေးရွာရှိ ခြံဝင်းတစ်ခုအတွင်း၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း တစ်မျိုးကိုလည်းကောင်း၊ တာချီလိတ်မြို့နယ် တာချီလိတ်-ဝမ်ပုံ ကားလမ်းမဘေး ပါခုတ်နီကျေးရွာရှိ ခြံဝင်းတစ်ခုအတွင်း၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း တစ်မျိုးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏စီးပွားရေး ဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ယင်းတရားမဝင်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။




**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်နှင့် မိုးညှင်းမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၃**

ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်နှင့် မိုးညှင်းမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိခဲ့သည်။ ဖြစ်စဉ်မှာ ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ မိုးကောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက မိုးကောင်းတံတားထိပ်၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ညောင်ကုန်းကျေးရွာဘက်မှ မိုးကောင်းမြို့ဘက်သို့ မိုးကောင်းမြို့နယ်၊ ညောင်ကုန်းကျေးရွာနေ ဆန်းဝေလင်း (၂၆)နှစ်ဆိုသူ မောင်းနှင်လာသော PAJERO ခဲရောင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် မိုးကောင်းမြို့မရဲစခန်း၌လည်းကောင်း၊ အလားတူ မွန်းလွဲ ၂ နာရီက ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ အင်ကြင်းကုန်းကျေးရွာ၊ စိုက်ပျိုးရေးလမ်းဆုံ၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မိုးညှင်းမြို့ဘက်မှ ဘီလူး(မြို့ဟောင်း)ကျေးရွာဘက်သို့ မိုးညှင်းမြို့၊ အရှေ့စု (၃)ရပ်ကွက်နေ စိုင်းလှမ်လင်းဆိုင်(၃၃)နှစ်ဆိုသူ မောင်းနှင်လာသော TOYOTA RAV 4 အဖြူရောင် မော်တော်ယာဉ်အား ရပ်တန့် စစ်ဆေးခဲ့ရာ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် မိုးညှင်းမြို့မရဲစခန်း၌လည်းကောင်း ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ ဖြင့် အသီးသီးအမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**





# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်း ပြင်ဦးလွင်မြို့ သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မန္တလေး ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေး ဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းသည် တာဝန်ရှိသူ များ လိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်း က ပြင်ဦးလွင်မြို့သို့ သွားရောက် ကာ မြို့နယ်စည်ပင်သာယာရေး အဖွဲ့၏ ပြင်ဦးလွင် မြို့တော်သန့် ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစို ပြည်ရေးလုပ်ငန်းများ ဆောင်ရွက် ပြီးစီးမှုအခြေအနေကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

မြို့တော်ဝန်နှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့အစိုးရ ဧည့်ဂေဟာ လမ်းတစ်လျှောက် လမ်းဘေး ဝဲ၊ ယာတွင် ရောင်စုံပန်းအလှပင်များ စိုက်ပျိုးထားရှိမှုများကိုလည်း ကောင်း၊ စန္ဒာလမ်းနှင့်နန္ဒာလမ်း ဆုံရှိ ဂန္ဓမာမြိုင်အဝိုင်းနှင့် မန္တလေး- လားရှိုးလမ်း D.S.A ရှေ့ရှိ အဝိုင်း တို့တွင် ရောင်စုံပန်းအလှပင်များ ဖြင့် သာယာလှပရေး ဆောင်ရွက် ထားရှိမှုကိုလည်းကောင်း၊ မန္တလေး- လားရှိုးလမ်းမကြီးနှင့် ဇီဝကလမ်း ထောင့်ရှိ ပြင်ဦးလွင်မြို့တော်ခန်းမ ရှေ့တွင် ရောင်စုံပန်းအလှစိုက်ခင်း များ စိုက်ပျိုးဆောင်ရွက်ပြီးစီးမှု များကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးကာ မြို့တော်ဝန် က ပြင်ဦးလွင်မြို့တော်စိမ်းလန်း စိုပြည်သာယာလှပရေးအတွက် လမ်းအလိုက် ဘေး ဝဲ၊ယာတွင် ဒေသမျိုးရင်း ရောင်စုံပန်းအလှပင် များကို ဖြည့်စွက်စိုက်ပျိုးပေးရန် နှင့် သန့်ရှင်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဂရုစိုက်ဆောင် ရွက်ပေးရန်တို့ကို မြို့နယ်စည်ပင် သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ အား မှာကြားခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန် သည် ပြင်ဦးလွင်မြို့ ရပ်ကွက် ကြီး(၃)ရှိ ဂဲလောင်းချောင်း ရေစီး ရေလာအခြေအနေကို ကြည့်ရှု စစ်ဆေးရာ မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးသူရ အောင်က ဂဲလောင်းချောင်းတစ် လျှောက် ရေစီးရေလာကောင်းမွန် ရေးအတွက် မြောင်းဘေးနံရံများ အား ကျောက်ရိုးစီခြင်းလုပ်ငန်း နှင့် ဘေး ဝဲ၊ယာလမ်း နှစ်ဖက် အား ရပ်ကွက်ကြီး(၁)အတွင်း၌ ကွန်ကရစ်လမ်းခင်းကျင်း ပြီးစီးမှု အခြေအနေများအား ရှင်းလင်း တင်ပြရာ မြို့တော်ဝန်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန် ယူဆောင်ရွက်ပြီးစီးခဲ့သည့် လမ်း



ပိုင်းများ၊ ကွန်ကရစ်လမ်းများ၊ ပလက်ဖောင်းများအား ရေရှည် ကောင်းမွန်အောင် စနစ်တကျ ထိန်းသိမ်းပြုပြင်သွားရေးနှင့် ဂဲ လောင်းချောင်းအတွင်း စည်းကမ်း မဲ့အမှိုက်စွန့်ပစ်မှုများမရှိအောင် ကြပ်မတ်ဆောင်ရွက်သွားရေး ကိစ္စရပ်များကို မှာကြားခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

# ပြင်ဦးလွင်မြို့နယ်၊ ဘော်ကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**ပြင်ဦးလွင် ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် သိုက်တော ကျေးရွာအုပ်စု၊ ဘော်ကျေးရွာ၌ ကုန်ထုတ်လမ်းမြေပေါင်တင် ချင်း ကျောက်ခင်းခြင်းလုပ်ငန်း ဆောင် ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းရာတွင် မန္တလေးတိုင်းဒေသကြီး ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီး မှူး ဦးအောင်မျိုးလွင်၊ ပြင်ဦးလွင် ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇေယျာညို၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် တာဝန်ခံ အင်ဂျင်နီယာများက ဘော်ကျေး ရွာကုန်ထုတ်လမ်းအရှည် ၃မိုင် အကျယ် ၁၂ပေ၊ မြေသားတစ်ပေ၊ ချင်းကျောက်ကိုးလက်မ ကုန် ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ် ဆေးပြီး တိုင်းဒေသကြီးဦးစီးမှူး က သတ်မှတ်ဘဏ္ဍာရေးနှစ် အတွင်း သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် လမ်းညွှန်မှာ ကြားသည်။



အဆိုပါ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ်တွင် ပြည် ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၄၂၅ ဒသမ ၆၃၁သန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ တာဝန်ယူ၍ ယခု ဘဏ္ဍာနှစ် မေလစတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခု အခါ လုပ်ငန်းများ ၄၉ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီးဖြစ်ကြောင်း အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး၍ ဘော်ကျေးရွာ ရှိ တောင်သူများ လယ်ယာထွက် ကုန်များကို ဈေးကွက်သို့ ကုန်ကျ စရိတ်သက်သာစွာဖြင့် သယ်ယူ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **(အောက်ဝဲပုံ)**

**(အောင်ရဲကျော်)**



# အငြိမ်းစားများအား UID (Unique identity) အခမဲ့ ဆောင်ရွက်ပေး

**ဆင်ပေါင်ဝဲ ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် ရှိ မြန်မာ့စီးပွားရေးဘဏ်၌ ပင် စင်လာရောက်ထုတ်ယူသည့် နိုင်ငံ့ ဝန်ထမ်းအငြိမ်းစား မိဘပြည်သူ များအား UID( Unique identity) အခမဲ့ ဆောင်ရွက်ပေးခြင်း ကို ယနေ့ နံနက် ၉နာရီမှ စတင် ၍ နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ပင် စင်ထုတ်ယူသည့် ရက်များတွင် ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်ရာတွင် လူဝန်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီး မှူး လမ်းညွှန်မှုဖြင့် ဝန်ထမ်းများ က နိုင်ငံ့ဝန်ထမ်းအငြိမ်းစား မိဘပြည်သူများ၏ Biometric အချက်အလက်များ စိစစ်ကောက် ယူခြင်း၊ မျက်လုံး Scan ဖတ်ခြင်း၊ လက်ဗွေ Scan ဖတ်ခြင်း လိုအပ် သည့် ကိုယ်ရေးအချက်အလက် များ ထည့်သွင်းခြင်းတို့ ပြုလုပ် ကာ UID နံပါတ်များကို အခမဲ့ ထုတ်ပေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# နိုင်ငံတကာ အားကစား သတင်းများ

## ဆိုင်မွန်စ်အား ခေါ်ယူရန် ချဲလ်ဆီးအသင်း စီစဉ်

**လန်ဒန် ဇူလိုင် ၂၃**

ပရီးမီးယားလိဂ်ကလပ် ချဲလ်ဆီးအသင်းသည် လိုက်ပဇစ်အသင်း ကွင်းလယ်တိုက်စစ်ကစားသမား ဆိုင်မွန်စ်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် လိုက်ပဇစ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၃ပွဲကစားပြီး ၁၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

လိုက်ပဇစ်အသင်းကလည်း ဆိုင်မွန်စ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများကဖော်ပြခဲ့သည်။

ထို့ကြောင့် ချဲလ်ဆီးအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် လိုက်ပဇစ်အသင်းထံမှ ဆိုင်မွန်စ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ) (NGB)**





## အင်္ဂလန်အသင်းက အီတလီအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်

**လန်ဒန် ဇူလိုင် ၂၃**

၂၀၂၅ အမျိုးသမီး ယူရို ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ် အဖြစ် ယနေ့ နံနက်ပိုင်းက အင်္ဂလန်အသင်းနှင့် အီတလီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အင်္ဂလန်အသင်းက အီတလီအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့သည်။

အင်္ဂလန်အသင်းနှင့် အီတလီအသင်းတို့သည် ပွဲချိန် မိနစ် ၉၀အထိ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်နေခြင်းကြောင့် အချိန်ပိုဆက်လက် ယှဉ်ပြိုင်ကစားကြရာ အချိန်ပိုတွင် ကိုင်လီက အင်္ဂလန်အသင်းအတွက် အဖိုးတန်သွင်းဂိုးတစ်ဂိုး သွင်းယူပြီး ဗိုလ်လုပွဲအဆင့်ထိ ရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

အင်္ဂလန်အသင်းသည် ၂၀၂၅ အမျိုးသမီး ယူရိုပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဂျာမနီအသင်းနှင့် စပိန်အသင်းတို့ထဲမှ အနိုင်ရရှိသည့်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

## ဖရန်ဆစ်စကိုကွန်ဆေးဆာအိုအား ဂျူဗင်တပ်အသင်း အပြီးသတ်ခေါ်ယူ

**တူရင် ဇူလိုင် ၂၃**

ဂျူဗင်တပ်အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ပေါ်တိုအသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် တောင်ပံကစားသမား ဖရန်ဆစ်စကိုကွန်ဆေးဆာအိုအား ယူရို ၃၂သန်းဖြင့် အပြီးသတ်ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၃၀ခုနှစ်အထိ စာချုပ်ချုပ်ဆိုခဲ့သည်။

တောင်ပံကစားသမား ဖရန်ဆစ်စကိုကွန်ဆေးဆာအိုသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဂျူဗင်တပ် အသင်းသို့ အငှားလာရောက်ကစားပြီး ပြိုင်ပွဲစုံ ပွဲ ၄၀ကစားကာ ခုနစ်ဂိုးအထိ သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ဖရန်ဆစ်စကိုကွန်ဆေးဆာအိုက "ကျွန်တော် ဂျူဗင်တပ်အသင်းသို့ အပြီးသတ် ပြောင်းရွှေ့ခွင့်ရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာ ရယူသွားဦးမှာပါ"ဟု ပြောသည်။ **(အောက်ပုံ) (NGB)**



## ယိုကယ်ရက်စ်အား ခေါ်ယူရန် အာဆင်နယ်အသင်း သဘောတူညီမှု ရရှိ

**လန်ဒန် ဇူလိုင် ၂၃**

အာဆင်နယ်အသင်းသည် စပို့တင်းလစ္စဘွန်းအသင်း တိုက်စစ်မှူး ယိုကယ်ရက်စ်အား ယူရို ၆၃ဒသမ ၅သန်း+ အပိုဆုကြေး ယူရို ၁၀သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။



အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လာမည့်ရက်ပိုင်းအတွင်း အာဆင်နယ်အသင်းသို့ လာရောက်ပူးပေါင်းကာ ငါးနှစ်စာချုပ် ချုပ်ဆိုသွားမည်လည်းဖြစ်သည်။

တိုက်စစ်မှူး ယိုကယ်ရက်စ်သည် စပို့တင်းလစ္စဘွန်းအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၂ပွဲကစားပြီး ၉၇ဂိုးထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် လာမည့်ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်များလည်း ထပ်မံခေါ်ယူသွားဦးမည်ဖြစ်သည်။ **(ဝဲပုံ) (NGB)**

## မိုစကာဒိုအား ဘရာဂါအသင်း အငှားဖြင့်ခေါ်ယူ

**လန်ဒန် ဇူလိုင် ၂၃**

ဘရာဂါအသင်းသည် ပီအက်စ်ဂျီအသင်းကွင်းလယ်ကစားသမား မိုစကာဒိုအား တစ်ရာသီ အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ပြီးခဲ့သည့် ဆောင်းရာသီဈေးကွက်



အတွင်းက ပီအက်စ်ဂျီအသင်းမှ ရိန်းစ်အသင်းသို့ အငှားသွားရောက် ကစားပြီး ပြိုင်ပွဲစုံ ၁၀ ပွဲကစားကာ ၁ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘရာဂါအသင်းက အငှားဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဘရာဂါအသင်းထုတ်ပြန်ချက်တွင် "မိုစကာဒိုအား အငှားဖြင့် ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့ လာမည့် ဘောလုံးရာသီမှာ အသင်းအတွက်များစွာ အထောက်အကူပြုနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားအသစ်များ ထပ်မံခေါ်ယူအားဖြည့်သွားမှာပါ"ဟု ထုတ်ပြန်သည်။ **(ဝဲပုံ)(NGB)**

## မာတီနက်ဇ်အသင်းတွင်သာ ဆက်ရှိမည်ဟု အက်စတွန်ဗီလာအသင်းအတည်ပြု

**လန်ဒန် ဇူလိုင် ၂၃**

ဂိုးသမား မာတီနက်ဇ် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု အက်စတွန်ဗီလာအသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဂိုးသမားကိုလက်ရှိအချိန်တွင် မန်ချက်စတာယူနိုက်တက်အသင်းက အငှားဖြင့် ကမ်းလှမ်းခဲ့သော်လည်း အက်စတွန်ဗီလာအသင်းက ပယ်ချခဲ့သည်။

ဂိုးသမား မာတီနက်ဇ်သည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၁၂ ပွဲကစားပြီး အကောင်းဆုံး လက်စွမ်းပြထားသည်။



အက်စတွန်ဗီလာအသင်း ထုတ်ပြန်ချက်တွင် "ဂိုးသမား မာတီနက်ဇ်အသင်းမှာ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် အားထားရတဲ့ ဂိုးသမားကောင်းတစ်ယောက်ပါ"ဟု ထုတ်ပြန်သည်။ **(အပေါ်ပုံ) (NGB)**

## ဂိုးသမား ကေလာနာဗတ်စ်အား ပူးမားစ်အသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၂၃**

မက္ကဆီကိုကလပ် ပူးမားစ်အသင်းသည် အာဂျင်တီးနားကလပ် နယူးဝဲလ်အိုဘွိုင်းအသင်း ဝါရင့်ဂိုးသမား ကေလာနာဗတ်စ်အား ပြောင်းရွှေ့ကြေး ဒေါ်လာနှစ်သန်းဖြင့် တစ်နှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၈)နှစ်အရွယ်ရှိ ဂိုးသမားသည် ကစားသမားဘဝ တစ်လျှောက်တွင် ရီးရဲလ်မက်ဒရစ်၊ ပီအက်စ်ဂျီ၊ နယူးဝဲလ်အိုဘွိုင်း၊ လီဗန်တေးစသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားပြီး အတွေ့အကြုံရှိသည့် ဝါရင့်ဂိုးသမားတစ်ဦးဖြစ်ခြင်းကြောင့် ပူးမားစ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။



ပူးမားစ်အသင်းထုတ်ပြန်ချက်တွင် "ကေလာနာဗတ်စ်အား အပြီးသတ် ခေါ်ယူခဲ့ပါပြီ။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။ **(ဝဲပုံ) (NGB)**

## 2025 T-Mobile Polish Open တင်းနစ်ပြိုင်ပွဲ ဇူလိုင် ၂၈ရက်တွင် စတင်မည်

**လန်ဒန် ဇူလိုင် ၂၃**

ပိုလန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 T-Mobile Polish Open တင်းနစ်ပြိုင်ပွဲ လာမည့် ဇူလိုင် ၂၈ရက်တွင် စတင်သွားမည်ဖြစ်သည်။




အဆိုပါ 2025 T-Mobile Polish Open တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၂၈ရက်မှ ဩဂုတ် ၃ရက်အထိ ၇ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။ **(ဝဲပုံ)**

2025 T-Mobile Polish Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

T-Mobile Polish Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ အမေရိကန် တင်းနစ်မယ် Alycia Parks ဖြစ်သည်။ **(NGB)**

## နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
| --- | --- | --- |
| ၂၅-၇-၂၀၂၅ သောကြာနေ့ | နံနက်၀၁း၀၀နာရီ | အေဂျက်ဇ်(နယ်သာလန်) - ဆဲလ်တစ်(စကော့တလန်) |

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနမှ မန္တလေးမြို့အဝင်လမ်းများ စိမ်းလန်းစိုပြည်ရေးအတွက် သန့်ရှင်းသာယာလှပရေးဆောင်ရွက်

**မန္တလေး ဇူလိုင် ၂၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန လုပ်ငန်းဌာနခွဲမှ ရန်ကုန်-မန္တလေး အမြန်လမ်း၏ လမ်းလယ်ကျွန်းများတွင် သန့်ရှင်းသာယာလှပရေးနှင့် အလှဆင်ဖွင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မန္တလေးမြို့၏အဓိက မြို့ဝင်ပေါက်တစ်ခုဖြစ်သည့် ရန်ကုန်-မန္တလေး လမ်းမကြီးလမ်းလယ်ကျွန်းများတွင် သာယာလှပစေရန် သိပ္ပံလမ်းမှ ချမ်းမြသာစည် လေဆိပ်ဟောင်းအထိ လမ်းလယ်ကျွန်းပေါင် ၁၀ ခုတွင် အရိပ်ရပင်များနှင့် ပန်းအလှစိုက်ပျိုးခြင်းလုပ်ငန်းများဆောင်ရွက်နေသည်။

အဆိုပါ ၁၀ခုအနက် အရှည်ဆုံးသည် ၅၄၅ ပေရှိပြီး၊ အတိုဆုံးမှာ ၁၂၈ ပေရှိကာ၊ အကျယ်မှာ ၅ ပေ ၈ လက်မရှိကြောင်း အရိပ်ရပင်များစိုက်ပျိုးခြင်း၊ အလှဆင်ဖွင့်ခြင်း၊ ပုံသွင်းခြင်းများအပြင် Ground cover အနေဖြင့် ဘဲစာမြက်များ စိုက်ပျိုးကြောင်း သိရသည်။

ရေအိုးပုံစံချထားသော ကြွေစာလုံး ၆၀ လုံးနှင့် ကမ္ဘာလုံးပုံစံချထားသော ကြွေစာလုံး ၁၈၆ လုံး စုစုပေါင်း ၂၄၆ လုံးထားရှိကြောင်း၊ လမ်းလယ်ကျွန်းများတွင် အရိပ်ရတည်ပင်နှင့် ခရေပင်များကိုပါ စိုက်ပျိုးထားပြီး၊ ထိုသစ်ပင်များအား မြေပြင်မှအထက် ၇ ပေအထိ အောက်ခြေအခက်အလက်အတက် ရှင်းလင်းခြင်း၊ အလှဖွင့်ခြင်းလုပ်ငန်းများကိုလည်း လိုအပ်သလိုဆောင်ရွက်လျက်ရှိသည်။

လက်ရှိအချိန်တွင် အဆိုပါလမ်းပိုင်းတွင် အလျား ၁၃၆ ပေအထိ အောက်ခြေရှင်းလင်းခြင်းနှင့် အလှဖွင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(ဓဲပုံ) ZLH




*-*-*-*-*-*



# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**အောင်လံ ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ကလေးအလုပ်သမား ပပျောက်ရေးအသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက အောင်လံမြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသိန်းက ကလေးအလုပ်သမားများ၏ အလုပ်ချိန်ကန့်သတ်ချက်၊ ကျောင်းတက်ရန် အခွင့်အလမ်းရွေးချယ်နိုင်မှုမရှိခြင်း၊ အချိန်မတန်မီကျောင်းမှ မဖြစ်မနေ ထွက်ရခြင်း၊ ကျောင်းတက်ခြင်းနှင့်အတူ ပြင်းထန်သောအလုပ်ကို အချိန်ကြာမြင့်စွာလုပ်ကိုင်ရခြင်း၊ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ရည်မှန်းချက်(၆)ရပ် စသည့်အကြောင်းအရာများ ပြောကြားခဲ့ပြီး၊ အောင်လံမြို့မရဲစခန်းမှ ဒုရဲအုပ် လင်းမောင်က ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေ(၂၀၁၉ ခုနှစ်)ဥပဒေပုဒ်မ ၁၀၃၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ(၂၀၁၉ ခုနှစ်)ဥပဒေပုဒ်မ ၁၀၃(ခ)(၁) စသည့် အကြောင်းအရာများကို ပြောကြားခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး နံရံကပ်စာစောင်တို့အား ကျောင်းသား၊ ကျောင်းသူများမှ စိတ်ပါဝင်စားစွာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**အာကာ(ပြန်/ဆက်)**

# မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်း ဆင့်ပွားသင်တန်းဖွင့်ပွဲ ကျင်းပ

**ရပ်စောက် ဇူလိုင် ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်တွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်းဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း(ရပ်စောက်) ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တာဝန်ခံမြို့နယ်ပညာရေးမှူး ဦးဖုန်းမြင့်က သင်တန်းတက်ရောက်မည့် ဆရာ၊ ဆရာမများအား အမှာစကား ပြောကြားခဲ့ပြီးနောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ အတွင်းရေးမှူး ဦးနိုင်းအွမ်က မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)နှင့်ပတ်သက်သည်များကို Power Point များဖြင့် ရှင်းလင်းတင်ပြခဲ့သည်။ ဆက်လက်၍ အခမ်းအနားတက်ရောက်လာသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် စမ်းသပ်မဲပေးခြင်းများ လက်တွေ့ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ကိုင်တွယ်အသုံးပြုနည်းဆင့်ပွားသင်တန်းကို ဇူလိုင် ၂၁ ရက်မှ ဩဂုတ် ၁၃ရက်အထိ (၂၂)ကြိမ် ဖွင့်လှစ်သွားမည်ဖြစ်ပြီး တစ်ကြိမ်လျှင်သင်တန်းသား ၆၀ဦးနှင့်အထက် သင်တန်းကာလမှာ နှစ်ရက်ကြာဖွင့်လှစ်သွားမည်ဖြစ်ရာ သင်တန်းတွင် (MEVM) စက်နှင့် ပါဝင်ပစ္စည်းများရှင်းလင်းသရုပ်ပြ၊ တပ်ဆင်၊ ဖြုတ်သိမ်းခြင်း၊ စမ်းသပ်စစ်ဆေးခြင်းအထွေထွေရွေးကောက်ပွဲပြုလုပ်သောမဲရုံမှူးများအား(MEVM) စက်စစ်ဆေးရာတွင် လုပ်ဆောင်ရမည့်၊ စိစစ်ရမည့်အချက်များ၊ စက်ရှိပရင်တာစက္ကူလိပ်တပ်ဆင်ပုံနှင့် ဘက်ထရီတပ်ဆင်ပုံ၊ မဲပေးစက်ချို့ယွင်းပါက အရန်စက်လဲလှယ်ရမည့်အခြေအနေ လမ်းညွှန်၊ မဲပေးစဉ်အတွင်း အရေးပေါ်ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ မဲရေတွက်ခြင်းဇယား၊ မဲရလဒ်ထုတ်ယူနည်းဇယား၊ မဲရုံမှူးဖြည့်သွင်းရမည့်ပုံစံများအား သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းသိရသည်။

(၃၆၈)

*-*-*-*-*



*-*-*-*-*-*

# စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် အတန်းပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ကျင်းပ

**စစ်ကိုင်း ဇူလိုင် ၂၃**

စစ်ကိုင်းပညာရေးတက္ကသိုလ်၌ ၂၀၂၅ -၂၀၂၆ ပညာသင်နှစ် အတန်းပေါင်းစုံဖူဆယ်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၂ရက် နံနက်ပိုင်းက အဆိုပါတက္ကသိုလ်ရှိ အားကစားခန်းမတွင် ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာအေးသက်သက်ဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စစ်ကိုင်းပညာရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအေးသက်သက်ဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုကြသည်။

ထို့နောက် စစ်ကိုင်းပညာရေးတက္ကသိုလ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌက ဖူဆယ်ပြိုင်ပွဲအား ဖွင့်လှစ်ကြောင်း ကြေညာသည်။ စစ်ကိုင်းပညာရေးတက္ကသိုလ် အတန်းပေါင်းစုံဖူဆယ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း(၇)သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (ဓဲပုံ)

**နေလင်းအောင်(ပြန်/ဆက်)**



# မြေသားလမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်

**စဉ့်ကိုင် ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မုန့်ပေါင်း-ဇော်ဂျီ-ကံကြီး-ရွာသစ်ကျေးရွာချင်းဆက်လမ်းအား မြေသားလမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိရာ ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဇူလိုင် ၂၂ရက် မွန်းလွဲပိုင်းက ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ လမ်းအရှည် ပေ ၀/၂ မိုင်၊ အကျယ် ၁၂ ပေ၊ ထု ၇ လက်မကို တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် Winner Myanmar Co.Ltd မှ တာဝန်ယူ အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ပြီး လုပ်ငန်းပြီးစီးပါက ကျေးရွာသုံးရွာမှ အိမ်ခြေ ၇၅၀ အိမ်၊ လူဦးရေ ၃၄၀၀ ဦးတို့၏ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာပြီး လူနေမှုဘဝ ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။ (အောက်ပုံ)

**ကျော်စွာ(စဉ့်ကိုင်)**





## မကွေးတိုင်းဒေသကြီး အလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ကျင်းပ

**မကွေး ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး ရေနံမြေသခင်ဖိုးလှကြီး ဒိုင်း အလွတ်တန်းဖိတ်ခေါ်ဘောလုံး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၂ရက် ညနေပိုင်းက မကွေးတိုင်း ဒေသကြီး အားကစားကွင်းတွင် ကျင်းပရာ အခမ်းအနားသို့ မကွေး တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီး ချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ် မှ ဗိုလ်ချုပ်သိန်းထွန်းဦး၊တိုင်းဒေသ ကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်း၊ခရိုင်၊မြို့နယ်အဆင့် ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဖိတ် ကြားထားသူများ တက်ရောက် သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မကွေးတိုင်းဒေသ ကြီး ဝန်ကြီးချုပ်က အဖွင့်အမှာ စကားပြောကြား၍ ရေနံမြေ သခင်ဖိုးလှကြီးဒိုင်း အလွတ်တန်း ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲအား ဖွင့် လှစ်ပေးခဲ့ပြီး အားကစားသမား များကသစ္စာအဓိဋ္ဌာန် လေးချက် အား ရွတ်ဆိုကြသည်။

ထို့နောက် မကွေးတိုင်း ဒေသကြီး ဝန်ကြီးချုပ်က ဖွင့်ပွဲ အခမ်းအနားတွင် ပါဝင်ကူညီ ဆောင်ရွက်ပေးခဲ့သည့် ဘင်ခရာ အဖွဲ့အား ဂုဏ်ပြုဆုငွေများပေး အပ်ပြီး ပထမနေ့ပွဲစဉ်အဖြစ် Glory Tropper FC အသင်း နှင့် UYN FC မြို့မအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှု အားပေးရာ UYN FC မြို့မ အသင်းက ၃-၂ ဂိုးဖြင့် အနိုင်ရခဲ့ သည်။ ဆက်လက်၍ ပွဲစဉ်အတွင်း အကောင်းဆုံးအားကစားသမား (Men Of The Match)ဆု အား တိုင်းဒေသကြီးဝန်ကြီးချုပ် က ပေးအပ်ချီးမြှင့်ခဲ့သည်။

ရေနံမြေသခင်ဖိုးလှကြီးဒိုင်း အလွတ်တန်းဖိတ်ခေါ် ဘောလုံး ပြိုင်ပွဲကို မကွေးတိုင်းဒေသကြီး အပါအဝင် အခြားတိုင်းဒေသကြီး များမှ စုစုပေါင်းပြိုင်ပွဲဝင်အသင်း (၃၂)သင်းက ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၂၂ ရက်အထိ ရှုံးထွက် ကစား၍ ယှဉ်ပြိုင်သွားမည်ဖြစ် ကာ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၂ ရက် တွင် ကျင်းပပေးသွားမည်ဖြစ် ကြောင်း၊ ပြိုင်ပွဲတွင် ပထမဆုရရှိ သော ချန်ပီယံအသင်းအား ဂုဏ်ပြု ဆုငွေကျပ်သိန်း ၁၀၀နှင့် ဒုတိယ ဆု ရရှိသောအသင်းအား ငွေကျပ် ၇၅ သိန်းချီးမြှင့်ပေးအပ်သွားမည် ဖြစ်ပြီး၊ ပြိုင်ပွဲကျင်းပစဉ်ကာလ ပြိုင်ပွဲဝင်အသင်းများအားလုံးကို ထောက်ပံ့မှုအဖြစ် မကွေးတိုင်း ဒေသကြီး ပြင်ပမှလာရောက်ယှဉ် ပြိုင်ကြမည့် အသင်းများကို မိမိ အသင်း ပွဲစဉ်နေ့တိုင်း ငွေကျပ် ခုနစ်သိန်းနှုန်း၊ တိုင်းဒေသကြီး အတွင်းမှ လာရောက်ယှဉ်ပြိုင်ကြ မည့် အသင်းများကို မိမိအသင်း ပွဲစဉ်ကန်မည့်နေ့တိုင်း ငွေကျပ်သုံး သိန်းနှုန်းဖြင့် ထောက်ပံ့ပေးသွား မည်ဖြစ်ကြောင်း တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီး ဌာနမှ သိရသည်။

**မောင်နိုင်မင်း(ပြန်/ဆက်)**

*-*-*-*-*-*

*-*-*-*-*

## ပိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းနှင့် မြေကွက်များအတွက် မျိုးစေ့နှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်

**မိုင်းပျဉ်း ဇူလိုင် ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့တွင် ၂၀၂၅-၂၀၂၆ ခုနှစ်၊ မိုးစပါး မျိုးစေ့ထုတ်စိုက်ခင်းနှင့် မြေကွက် များအတွက် မျိုးစေ့နှင့် ဓာတ်မြေ ဩဇာများ ထောက်ပံ့ပေးအပ်ပွဲ ကို ဇူလိုင် ၂၂ရက် နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ စိုက်ပျိုးရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးထက် က မျိုးစေ့နှင့် ဓာတ်မြေဩဇာများ ထုတ်ပေးရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဟောင်ကန်ကျေးရွာရှိ မျိုးစေ့ထုတ် စိုက်ခင်း ၁၀ ဧကနှင့် မိုးစပါးစံပြ ကွက် ၅ ဧကအတွက် စပါးမျိုး ၃၀၀ ကီလို၊ ယူရီးယားဓာတ်မြေ ဩဇာ ၁၅အိတ်၊ ကွန်ပေါင်းဓာတ် မြေဩဇာ ၁၅ အိတ်နှင့် သဘာဝ မြေဩဇာ ၆၀ အိတ်တို့ကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးနှင့် မြို့နယ်မြေ စာရင်းဦးစီးမှူးတို့က ပေးအပ်ကြရာ ကျေးရွာတောင်သူများမှ လက်ခံ ရယူခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်း များ၊ မြို့နယ်မြေစာရင်းဦးစီးမှူး၊ ဟောင်ကန်ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးနှင့် တောင်သူများ တက် ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*



## ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ပျဉ်းမနား ဇူလိုင် ၂၃**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ပြုတွင်းကျေးရွာ၌ လူဝင်မှုကြီးကြပ် ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး ဌာန ပျဉ်းမနားမြို့နယ် ဦးစီးမှူး ရုံးမှ ဦးစီးအရာရှိ ဦးသန်းထွန်း အောင်နှင့် ဝန်ထမ်းများက 'လူမှု ဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင် ကြစို့' ဆောင်ပုဒ်နှင့်အညီ ပန်းခင်း စီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ် ရေးကတ်များကို ယမန်နေ့ နံနက် ပိုင်းက ကွင်းဆင်းဆောင်ရွက်ပေး ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာန ပျဉ်းမနားမြို့ နယ် ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ



ဦးသန်းထွန်းအောင်က လူဝင်မှု ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ပန်းခင်းစီမံချက် (၃)ဖြင့် အသက် (၁၀)နှစ်ပြည့် ပြီးသူများနှင့် အသက်(၁၈)နှစ် ပြည့်ပြီးသူများကို နိုင်ငံသားစိစစ် ရေးကတ်များအား ဥပဒေနှင့်အညီ ထုတ်ပေးလျက်ရှိကြောင်း၊ စီမံချက် ကာလအတွင်း နိုင်ငံသားအခွင့် အရေးများ ဆုံးရှုံးမှုမရှိစေရေး နိုင်ငံသားတိုင်းရယူပိုင်ဆိုင်သင့် သည့် နိုင်ငံသားစိစစ်ရေးကတ် များ ဆောင်ရွက်ပေးနေမှုအခြေ အနေတို့နှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားခဲ့သည်။

ထို့နောက် ပြုတွင်းကျေးရွာ အုပ်စုအတွင်းရှိ မြေပြင်ကွင်းဆင်း စစ်ဆေးချက်အရ အကြောင်းအမျိုး မျိုးကြောင့် ကျန်ရှိနေသောပြည်သူ များအား နိုင်ငံသားစိစစ်ရေးကတ် များပြုလုပ်ပေးခဲ့ကြောင်း သိရ သည်။ **(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ဆင်ပေါင်ဝဲ ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့၌ မြို့နယ်လျှပ်စစ် မှူးနှင့် ဝန်ထမ်းများသည် ဇူလိုင် ၂၂ ရက် နံနက် ၇ နာရီက ပြည်သူများအန္တရာယ်ကင်းရှင်းစွာ လျှပ်စစ်ဓာတ်အားအသုံးပြုနိုင် ရန် မြို့နယ်စည်ပင်သာယာဈေး တွင် ပြည်သူများအား လျှပ်စစ် အန္တရာယ်ကင်းရှင်းရေး အသိ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **(အောက်ဝဲပုံ)**



အဆိုပါ လက်ကမ်းစာစောင် တွင် ဓာတ်အားသုံးစွဲသူများ အစဉ် သတိပြုရမည့်အချက်များ၊အိမ်သုံး လျှပ်စစ်ပစ္စည်းများ အသုံးပြုရာ တွင် လိုက်နာရမည့်အချက်များ၊ လျှပ်စစ်အန္တရာယ်ဖြစ်စေနိုင်သော အချက်များနှင့် မိမိတို့အိမ်ရှိ ခလုတ်မီးပလပ်များ စစ်ဆေးရမည့် အကြောင်းများ ပါဝင်ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဒုတိယအကြိမ် ဖွင့်လှစ်သင်ကြား

**ညောင်ဦး ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနမှ အသေး စားကုန်ထုတ်လုပ်ငန်းများ ဖန်တီး ပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်း တန်ဖိုးမြင့်စားသောက်ကုန်ထုတ် လုပ်မှုနည်းပညာသင်တန်းကို ညောင်ဦးခရိုင် အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနရုံးတွင် ဇူလိုင် ၂၁ရက်မှ ၂၇ရက်အထိ ညောင်ဦးမြို့နယ်၊ ဝါးခင်းကြီး ကျေးရွာအုပ်စုမှ ဒေသခံပြည်သူ ၁၃ ဦးအား ဒုတိယအကြိမ် သင်ကြားပေးလျက်ရှိသည်။



အဆိုပါသင်တန်းတွင် မြေ ပဲယို၊ နှမ်းယို၊ မြေပဲဆားလှော်၊ မြေပဲဂျုံဖြူကြော်၊ ရွှေဥကြော်၊ ပြောင်းဖူးမာစကပ်၊ ပဲကြော်၊ ကုလားပဲချောင်း၊ မုန့်ကြိုးလိမ်၊ ကုလားပဲခွေကြော်၊ အာလူး ကြော်၊ ခါကြာမုန့် စသည့် ဈေး ကွက်အောင်မြင်သော Snack မုန့်အမျိုးမျိုးထုတ်လုပ်မှုနည်း ပညာများကို စာတွေ့ ၃၀ ရာခိုင် နှုန်းနှင့် လက်တွေ့ ၇၀ ရာခိုင်နှုန်း ပေါင်းစပ်၍ လေ့ကျင့်သင်ကြားပေး လျက်ရှိပြီး သင်တန်းပြီးမြောက် ပါက လုပ်ငန်းထူထောင်လိုသူ ငါး ဦးအား လုပ်ငန်းထူထောင်ရာတွင် လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းသုံး စက်ပစ္စည်းများသုံးစွဲခွင့်ပေးအပ် သွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝဲပုံ)(၀၄၅)**

# ထောပတ်သီးနှင့်ထောပတ်သီးအခြေခံအလှကုန်ပစ္စည်းများကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ တရုတ်နိုင်ငံသို့ တင်ပို့နိုင်

**မန္တလေး ဇူလိုင် ၂၃**

မြန်မာနိုင်ငံမှ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်သူများနှင့် ထောပတ်သီးအခြေခံ အလှကုန်ပစ္စည်းထုတ်လုပ်သူများ အနေဖြင့် ၎င်းတို့၏ထုတ်ကုန်များကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ တရုတ်နိုင်ငံသို့ တင်ပို့နိုင်ကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ သိရသည်။

တင်ပို့လိုသူများသည် တရုတ်နိုင်ငံ အလှကုန်ကြီးကြပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ စည်းမျဉ်း (CSAR)မှ ထုတ်ပြန်ထားသည့် Special Cosmetics နှင့် General Cosmetics လျှောက်ထားမှု လုပ်ထုံးလုပ်နည်းများနှင့် အညီ လိုက်နာရမည်ဟုဆိုသည်။

"မြန်မာနိုင်ငံကနေ ထွက်ရှိတဲ့ ထောပတ်သီးတွေကို ကုန်ကြမ်းအနေနဲ့ရော ထောပတ်သီးကို အခြေခံထုတ်လုပ်ထားတဲ့ အဆင့်မြင့် ထုတ်ကုန်တွေကို တရုတ်နိုင်ငံသို့တင်ပို့ရာမှာ လတ်ဆတ်တဲ့အသီးဖြစ်ဖို့အတွက် အန္တရာယ်ရှိတဲ့ ဖျက်ပိုးများ လေ့လာအကဲဖြတ်ခြင်း (PRA)လုပ်ပါမယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။ **(အောက်ပုံ)**

PRA အဝေးရောက်စနစ်ဖြင့် လေ့လာအကဲဖြတ်ခြင်း(Remote Video Inspection) ကို ကျင့်သုံးဆောင်ရွက်သွားရန် မြန်မာနှင့်တရုတ်နှစ်နိုင်ငံအကြား သဘောတူထားကြောင်း၊ ထောပတ်သီး တန်ဖိုးမြင့်ထုတ်ကုန်ဖြစ်သည့် ထောပတ်သီးဆီ၊ထောပတ်သီးဖျော်ရည်၊ အေးခဲထောပတ်သီးများကို GACC ၏ CIFER System မှ တစ်ဆင့် လျှောက်ထားနိုင်သည်။

GACC စစ်ဆေးမှုနှင့်ပတ်သက်၍ "သီးနှံခူးဆွတ်ချိန်၊ ထုပ်ပိုးချိန်မှာ တရုတ်နိုင်ငံက GACC ကနေ (Remote Video Inspection )နည်းနဲ့ သီးနှံစိုက်ခင်းတွေ သိုလှောင်ရုံ စီမံခန့်ခွဲမှုတွေနဲ့ ဌာနဆိုင်ရာ အစားအသောက်ဆိုင်ရာ ဘေးကင်းရေးတွေကို အဝေးရောက် ဗီဒီယိုစနစ်နဲ့ စစ်ဆေးမှာပါ"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**





# ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား ကျင်းပ

**ညောင်ရွှေ ဇူလိုင် ၂၃**

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန်၊ သစ်တောသယံဇာတ ရေရှည်တည်တံ့စေရန် ဂေဟစနစ်ထိန်းသိမ်းနိုင်စေရန်၊ သစ်တောထိန်းသိမ်းရေး လုပ်ငန်းများတွင် ပြည်သူများ တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန်နှင့် အင်းလေးကန် ရေဝေရေလဲဒေသတွင် သစ်တောများ ပြန်လည်ဖြစ်ထွန်းလာစေရန် ရည်ရွယ်ချက်များဖြင့် ၂၀၂၅-ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၇ နာရီက ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ် ရွာသာကျေးရွာအုပ်စု ရွှေဓားဘုန်းတော်ကြီးကျောင်း ဝင်းအတွင်း ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးကျော်စွာလင်းက အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ဒေသခံပြည်သူတစ်ဦး ထံသို့လည်းကောင်း၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးကိုကိုမောင်က ဌာနဆိုင်ရာများကို လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမင်းဦးက ဒေသခံပြည်သူတစ်ဦးထံသို့လည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ယဉ်မွန်ဦးက ဒေသခံပြည်သူတစ်ဦးထံသို့လည်းကောင်း ပျိုးပင်များကို အသီးသီးပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် အခမ်းအနားတက်ရောက်လာသူများက တပျော်တပါး စုပေါင်းသစ်ပင်များ စိုက်ပျိုးခဲ့ကြကြောင်းနှင့် အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မာတာကွတ်ပျိုးပင် ၁၇၀ ပင်၊ ပြည်လုံးချမ်းသာပျိုးပင် ၁၅၀ ပင်၊ အာဖကန်ကျူးလစ်ပျိုးပင် ၁၀၀ ပင်၊ စိန်ပန်းပြာပျိုးပင် ၁၀၀ ပင်၊ စိန်ပန်းနီပျိုးပင် ၃၀ ပင် စုစုပေါင်းပျိုးပင် ၅၅၀ ပင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(၃၆၈)**

၀-၀-၀-၀-၀

# ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်

**ရွှေဘို ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက အခြေခံပညာကျောင်းများဖြစ်သည့် မင်းရပ်(မ)နှင့်ဆင်ရုံကျောင်းများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျောင်းသား၊ ကျောင်းသူများအား အထွေထွေကျန်းမာရေး စစ်ဆေးပေးခြင်းနှင့် လိုအပ်သော ကုသမှုများပေးခြင်း၊ ပဏာမမျက်စိကျန်းမာရေး စစ်ဆေးပေးခြင်း၊ သွားနှင့်ခံတွင်းကျန်းမာရေး စစ်ဆေးပေးခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်း၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကူးစက်ရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျောင်းဈေးဆိုင်နှင့် အစားအစာများအားစစ်ဆေးခြင်းနှင့် ကျောင်းကျန်းမာရေး စစ်ဆေးမှုမှတ်တမ်းကတ်ဖြည့်သွင်းခြင်းစသည်များကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# ရုရှားနှင့် ဘီလာရုစ်နိုင်ငံသို့ မြန်မာ့ပနားမား ပုစွန်ဖြူများတင်ပို့ရန် စီစဉ်လျက်ရှိ

**မန္တလေး ဇူလိုင် ၂၃**

မြန်မာနိုင်ငံအနေဖြင့် ပို့ကုန်တင်ပို့နိုင်ရေးအတွက် သက်ဆိုင်ရာမှာ ဆောင်ရွက်လျက်ရှိရာ ရုရှားနှင့်ဘီလာရုစ်နိုင်ငံသို့ မြန်မာ့ပနားမားပုစွန်ဖြူများ တင်ပို့ရန် စီစဉ်လျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ထိုသို့ တင်ပို့နိုင်ရေးအတွက် သက်ဆိုင်ရာနိုင်ငံများမှ အစိုးရတာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးနေပြီး လိုအပ်သော အချက်အလက်များကို ပေးပို့ထားကြောင်း ယင်းဌာနတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"ရေထွက်ကုန်တွေကို တင်ပို့နိုင်ဖို့ လုပ်ထုံးလုပ်နည်းတွေ၊ မှတ်ပုံတင်ရေးကိစ္စတွေ၊ စံသတ်မှတ်ချက်တွေကို သက်ဆိုင်ရာဌာနတွေနဲ့ အသင်းအဖွဲ့တွေအကြား လုပ်ငန်းစဉ်တွေကို ဆွေးနွေးခဲ့ကြပါတယ်။ မြန်မာ့ပနားမား ပုစွန်ဖြူတွေက ရေငန်မွေးမြူရေးကန်တွေမှာ စနစ်တကျမွေးမြူထုတ်လုပ်ထားတာပါ"ဟု ၎င်းက ပြောသည်။

အဆိုပါ ပုစွန်ဖြူများကို တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ရေငန်မွေးမြူရေးကန်များတွင် မွေးမြူထုတ်လုပ်ခြင်းဖြစ်ပြီး ဩစတြေးလျ၊ ဂျပန်နှင့်ကိုရီးယားနိုင်ငံများသို့ တင်ပို့လျက်ရှိပြီး ယခုဈေးကွက်သစ်အနေဖြင့် ရုရှားနှင့်ဘီလာရုစ်နိုင်ငံသို့ တင်ပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ရေလုပ်ငန်းများနှင့်ပတ်သက်၍ "ရုရှားနဲ့ ဘီလာရုစ်နိုင်ငံကို မြန်မာ့ပနားမား ပုစွန်ဖြူတွေ တင်ပို့မှုအဆင်ပြေတယ်ဆိုရင် နောက်ပိုင်းမှာ မြန်မာနိုင်ငံက ထွက်ရှိတဲ့ ရေထွက်ပစ္စည်းတွေ ဆက်လက်တင်ပို့နိုင်ဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောကြားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**



# မြေငလျင်ဘေးအန္တရာယ်ဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်

**မန္တလေး ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် မီးသတ်ဦးစီးဌာနနှင့် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြေငလျင်ဘေးအန္တရာယ်ဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်မှုကို ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁နာရီက ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(GTI)ကျောင်းကွင်းတွင် ကျင်းပသည်။



အခမ်းအနားတွင် ပြင်ဦးလွင်ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးမှ သဘာဝဘေးအန္တရာယ်ဆိုင်ရာများ၊ မြေငလျင်လှုပ်ရှားစဉ်ဘေးကင်းစွာ ပြုမူနေထိုင်နည်းများကို ဟောပြောပြီး ပြင်ဦးလွင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦးဆောင်၍ ခရိုင်၊ မြို့နယ်၊ နယ်မြေမီးသတ်တပ်ဖွဲ့ဝင်များ၊ ပြင်ဦးလွင်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မြေငလျင်ဘေးအန္တရာယ်ဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြသည်။ **(ဝဲပုံ)**

အခမ်းအနားသို့ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ အစိုးရစက်မှုလက်မှုသိပ္ပံ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(၀၄၅)**

# စာအုပ်ခင်းကဏ္ဍ

## ဖော်ညွှန်းသီ

| | |
|---|---|
| စာအုပ်အမည် | - မေတ္တာစောင်းကြိုး ညှိနိုး ဘယ်မမြင် |
| စာရေးသူ | - နေနွယ်(ဆင်ရွာမြေ) |
| ထုတ်ဝေသည့်စာပေတိုက် | - လင်းသန့်စာပေ(မန္တလေး) |
| တန်ဖိုး | - ၅၀၀၀ ကျပ် |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ |
| မျက်နှာဖုံးဒီဇိုင်း | - မျိုးညီညီထွန်း |
| စာမျက်နှာ | - (၉၄) မျက်နှာ |




ဆရာနေနွယ်(ဆင်ရွာမြေ)၏ "မေတ္တာစောင်းကြိုး ညှိနိုး ဘယ်မမြင်" စာစုများစာအုပ်မှာ ကဗျာနှစ်ပုဒ်နှင့် ဆောင်းပါး၊ ဝတ္ထုတို ၁၄ ပုဒ်ကို စုစည်းထားပြီး ဆရာသိန်းသန်းဝင်း(မလှိုင်)၊ ဆရာမာဃနွယ်(ပုသိမ်ကြီး)၊ ဆရာနိုင်စေရ(မန်းတက္ကသိုလ်)တို့၏ အမှာစာများနှင့် ထွက်ရှိလာသော စာအုပ်ဖြစ်သည်။

စာအုပ်တွင် ရက္ခတို့၏ သမင်လည်ပြန်(ကဗျာ)၊တပေါင်းလေနှင့်လျှောတော့သည်(ကဗျာ)၊ အောက်မေ့ဖွယ်မန္တလေး၏ တစ်ခါက အနုသုခုမ သဘင်ပညာ၊ ပျောက်ဆုံးသွားသော ပန်းချီကားတစ်ချပ်၊ အောင်ပင်လယ်ယာပြင်ဦးက ပိုးကိုက်သည့်ပန်း၊ မီးတောင်ကိုကျော်၍ အမှောင်ညကိုဖြတ်ခဲ့သူ၊ မန္တလေးတောင်မှသည် စိမ်းလဲ့ကန်သာဆီသို့၊ ရွာကြီးတော့ စည်ပေါက်၊ ပွင့်လာမည့်ပန်း၊ ဆုံးမွေ့ရာလည်း အိပ်ရဲပါတယ်၊ မေတ္တာစောင်းကြိုး ညှိနိုးဘယ်မမြင်၊ နှောင်းခေတ်တေးသံသာထဲက မင်းဂံဘုတ်ရွာ၊ အရပ်ထဲ ဇာတ်ပွဲကရာဝယ်၊ စာသ,မကုန် လနယုန်၊ မန္တာနီနှင့် အင်္ဂလိမာလ၊ ဂီတရေစီးကြောင်းတို့ ပါရှိသည်။

ဆရာနေနွယ်(ဆင်ရွာမြေ)သည် "ပျောက်ဆုံးသွားသော ပန်းချီကားတစ်ချပ်"၊ ရတနာပုံနေ့စဉ်သတင်းစာ(၁၄-၁၀-၂၀၁၄) ရက်တွင် ပါရှိသော ဆောင်းပါးဖြင့် စာပေနယ်သို့ရောက်ရှိခဲ့ပြီး ဂီတ၊ သဘင်၊ ပန်းချီအနုပညာတို့ဖြင့် ရင်းနှီးကျွမ်းဝင်ကာ ပြဇာတ်ဒါရိုက်တာ၊ တေးရေးဆရာတစ်ဦးဖြစ်၍ ရသစာပေနှစ်သက်သူများ ဖတ်ရှုသင့်သည့် စာအုပ်ဖြစ်ရာ မန္တလေး စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်သည်။

---

| | |
|---|---|
| စာအုပ်အမည် | - သက်ဝင်ငွေ့ရိပ် မဂ္ဂဇင်းဝတ္ထုတိုများ |
| စာရေးသူ | - မောရှုးဆိုး |
| ထုတ်ဝေသည့်စာပေတိုက် | - နှစ်ကာလများစာပေ |
| တန်ဖိုး | - ၆၀၀၀ ကျပ် |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၅ ခုနှစ်၊ ငှန်လ |
| မျက်နှာဖုံးပန်းချီ | - ငြိမ်းချမ်းဆု |
| စာမျက်နှာ | - (၁၁၆) မျက်နှာ |



ဆရာ မောရှုးဆိုး၏ "သက်ဝင်ငွေ့ရိပ်" မဂ္ဂဇင်းဝတ္ထုတိုများ စာအုပ်မှာ ဆရာစိန်ကျော်လှိုင်၏ အင်္ဂလိပ်ဗားရှင်းဖြင့် ရေးထားသည့် (Foreward) အမှာစာနှင့်အတူ မဂ္ဂဇင်းများတွင် ဖော်ပြပါရှိခဲ့သော ဝတ္ထုတို ၁၂ ပုဒ်ကို စုစည်းထုတ်ဝေထားသည်။

ကသုတ်ကရက်အော်ပရာ(ရတီမဂ္ဂဇင်း)၊ မရောက်ခင် ရေးထားသွားခဲ့တဲ့စုတ်ချက်(မြန်မာသစ်မဂ္ဂဇင်း)၊ ကြေကွဲလွယ်သယံဇာတ(မဟေသီမဂ္ဂဇင်း)၊ ဒသမရက်များ၌ ကျွန်တော်နှင့်တွေ့ဆုံခြင်း(ရုပ်ရှင်အမြုတေမဂ္ဂဇင်း)၊ သွားနှင့်ပြီ မိန်းကလေးရေ(မဟောသဓာမဂ္ဂဇင်း)၊ ဟင်းနှင့်ထမင်း(ပေဖူးလွှာမဂ္ဂဇင်း)၊ သောက်ရေအိုးစင်(ဟန်သစ်မဂ္ဂဇင်း)၊ မန္တလေးမြို့၌(ဒဂုန်မဂ္ဂဇင်း)၊ အခင်းပက်လက်(စံပယ်ဖြူမဂ္ဂဇင်း)၊ အလင်းတိုင်ကြွေ(မိုးဝေမဂ္ဂဇင်း)၊ သက်ဝင်ငွေ့ရိပ်(ရုပ်ရှင်အောင်လံမဂ္ဂဇင်း)၊ တွန့်ကြေလွန်းမျဉ်းမတ်(လုံမလေး) မဂ္ဂဇင်းဝတ္ထုတိုများ ဖြစ်သည်။

ခံစားမှုအား ကောင်းကောင်းဖြင့် ရေးဖွဲ့ထားသည့် အက်ဆေးအဖွဲ့အနွဲ့စကားပြေရေးဟန်ဝတ္ထုကောင်းများဖြစ်ရာ မန္တလေး စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

## လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ခန္တီး ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ လူငယ်များ အတွေးအခေါ်မြင့်မားလာစေရန်၊ အသိပညာဗဟုသုတများ ကြွယ်ဝလာစေရန်နှင့် ဗလငါးတန်ဖွံ့ဖြိုးသည့် လူငယ်များ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီက အခြေခံပညာ အလယ်တန်းကျောင်း(ဇီးဖြူကုန်း) ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာ အလယ်တန်းကျောင်း(ဇီးဖြူကုန်း) ကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်ခင်ငြိမ်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ခန္တီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ရုပ်သံကျွမ်းကျင်-၃ ဒေါ်တင်မာဦးက လူငယ်နှင့် စာဖတ်ဝါသနာ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဦးစီးအရာရှိ ဦးသီဟထက်အောင်က ကလေးအလုပ်သမား၏ အဓိပ္ပာယ်၊ ကလေးအလုပ်သမား၏ အသက်အရွယ်၊ ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက်သုံးရပ်၊ ကလေးအလုပ်သမားများ၏ အလုပ်ချိန်ကန့်သတ်ချက် စသည့် အကြောင်းအရာများနှင့်ပတ်သက်၍လည်းကောင်း အကျယ်တဝင့် ရှင်းလင်းဟောပြောရာ ကျောင်းသား၊ ကျောင်းသူလေးများက စိတ်ဝင်တစား နားထောင်ခဲ့ကြသည်။

ထို့နောက် ခန္တီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက စစ်ကိုင်းတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းကော်မတီမှ ထုတ်ဝေထားသည့် ကလေးအလုပ်သမားပပျောက်ရေး ပိုင်းဝန်းကာကွယ်စောင့်ရှောက်ပေး၊ ဖေယျာရွှေမြေလက်ကမ်းစာစောင်များကို ကျောင်းသား၊ ကျောင်းသူများ၏ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## မရှုံးပါစေနဲ့

* လူ့ဘုံလောက လူ့ဌာနဝယ်
နေရခဏ အခိုက်တန့်မယ်
ဇနီးမယား သမီးသားနဲ့
ပျော်ကာပါးကာ နေရပါလည်း။

* ငွေကိုမဖြုန်း ချင့်ချိန်သုံးလို့
ဥစ္စာကိုစု ချွေတာမှုဖြင့်
အရှုံးမခံ မြတ်မကျန်လည်း
ဒါနကောင်းမှု တစ်ခုခုကို။

* နေ့စဉ်ပြုပေး ကုသိုလ်ရေးမို့
မနေးဖွေရှာ ပြုလုပ်ပါက
ဘဝအခြေကျ အနေလှခါ
လူဖြစ်လာရ လွန်တင့်ရသည်
ယခုလည်း ကောင်း နောင်လည်း ကောင်း၏ ။ ။

ပိုင်းကြည်ဖြူ(နောင်ချို)



## အမှိုက်များ စနစ်တကျခွဲခြားစွန့်ပစ်ခြင်း အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် သရုပ်ပြသခြင်းများ ဆောင်ရွက်

**ပုံပါကျင် ဇူလိုင် ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ ပုံပါကျင်မြို့တွင် အမှိုက်များ စနစ်တကျ ခွဲခြားစွန့်ပစ်ရေး အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် သရုပ်ပြသခြင်းကို ဇူလိုင် ၂၃ ရက် နံနက် ၈ နာရီက ပုံပါကျင်မြို့ အခြေခံ ပညာအထက်တန်းကျောင်း၌ ပြုလုပ်ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပုံပါကျင်မြို့ စည်ပင်သာယာရေးဌာန၊ မြို့နယ်ခွဲတာဝန်ခံ ဦးဇော်ထက်က ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုဖြစ်ပေါ်လာစေရန်နှင့် လူမှုပတ်ဝန်းကျင်၏ ညစ်ညမ်းမှုအခြေအနေမှ လျော့ကျစေရန် ရည်ရွယ်ပြီး အသိပညာပေးသရုပ်ပြခြင်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ပုံပါကျင်မြို့ မြို့အုပ်ချုပ်ရေးမှူး ဦးအောင်အောင်နှင့် ဝန်ထမ်းများက အမှိုက်များ စနစ်တကျခွဲခြားစွန့်ပစ်ခြင်းအား ပါဝင်သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ပုံပါကျင်မြို့ စည်ပင်သာယာရေးဌာနအနေဖြင့် ဒေသခံပြည်သူများ၊ ဈေးရောင်း၊ ဈေးဝယ်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ဘေးအန္တရာယ်ရှိ အမှိုက်၊ အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်အမှိုက် စသည့် အမှိုက်များအား စနစ်တကျ ခွဲခြားစွန့်ပစ်တတ်စေရန် အသိပညာပေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀

# ကမ္ဘာ့နိုင်ငံများ၌ ရုပ်ကြွင်းလောင်စာအသုံးပြုမှုမှ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြုမှုသို့ ကူးပြောင်းတော့မည်ဟု ဆို



**ဂျိနီဗာ ဇူလိုင် ၂၃**

ကမ္ဘာ့နိုင်ငံများ၌ ရုပ်ကြွင်းလောင်စာအသုံးပြုမှုမှ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုမှုသို့ ကူးပြောင်းတော့မည့်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဖော်ပြထားသည့် အစီအရင်ခံစာတစ်စောင်ကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က တင်ပြလိုက်ကြောင်း သိရသည်။

ဂူတာရက်စ်သည် နိုင်ငံတကာပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အေဂျင်စီနှင့် အခြားအဖွဲ့အစည်းများက ပူးပေါင်းပြုစုထားသည့် အစီရင်ခံစာကို ဇူလိုင် ၂၂ ရက်က ကုလသမဂ္ဂရုံးချုပ်၌ ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်လိုက်ခြင်းဖြစ်သည်။

ထို့ပြင် ရုပ်ကြွင်းလောင်စာသုံးစွဲမှုမှာ တဖြည်းဖြည်းလျော့ကျလာပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ၏ အခန်းကဏ္ဍမှာ ပိုမိုကြီးထွားလာတော့မည်ဖြစ်ကြောင်း ဂူတာရက်စ်က ပြောကြားသည်။ ရုပ်ကြွင်းလောင်စာများမှ ထုတ်လုပ်သည့် စွမ်းအင်ထက် နေရောင်ခြည်စွမ်းအင်မှာ ၄၁ ရာခိုင်နှုန်း သက်သာလာပြီး ကမ်းလွန်လေအားလျှပ်စစ်မှာ ၅၃ ရာခိုင်နှုန်း သက်သာကြောင်း ပြသသည့် အချက်အလက်များကို တင်ပြခဲ့သည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သည် စီးပွားရေးအရ သင့်လျော်ရုံသာမက ပထဝီနိုင်ငံရေးမတည်ငြိမ်မှုများ၏ ရိုက်ခတ်မှုဒဏ်ကိုလည်း ခံနိုင်ရည်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စက်ရုံများတည်ဆောက်၍ မရသည့် ဒေသများတွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများကို တပ်ဆင်သုံးစွဲနိုင်ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



## ဝန်ကြီးချုပ် ရှိဂေးရုအိရှိဘာအား အိမ်ဖြူတော်၌ လက်ခံတွေ့ဆုံပြီးနောက် ကုန်သွယ်ရေးသဘောတူညီချက်ကို သမ္မတထရမ့် လက်မှတ်ရေးထိုး

**ဝါရှင်တန် ဇူလိုင် ၂၃**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က နိုင်ငံ၏အကြီးဆုံး ကုန်သွယ်ဘက်နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံနှင့် ကြီးမားသည့် ကုန်သွယ်ရေး သဘောတူညီချက်တစ်ရပ်ကို အမေရိကန်ပြည်ထောင်စုက သဘောတူလိုက်ပြီဖြစ်ကြောင်း သိရသည်။

ထရမ့်က လူမှုကွန်ရက်တွင် ရေးသားဖော်ပြခဲ့သည်မှာ ယင်းအစီအစဉ်အရ ဂျပန်နိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စု၌ အမေရိကန်ဒေါ်လာ ၅၅၀ ဘီလီယံ (ပေါင် ၄၀၇ ဘီလီယံ) ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး ၁၅ ရာခိုင်နှုန်း အပြန်အလှန်အခွန်ကိုလည်း ပေးဆောင်ရမည်ဖြစ်သည်။

ဂျပန်နိုင်ငံအနေဖြင့် အမေရိကန်ကုန်ပစ္စည်းများဖြစ်သည့် ကား၊ ထရပ်ကား၊ ဆန်နှင့် သီးနှံစိုက်ပျိုးရေးထွက်ကုန် အချို့အပါအဝင်ကုန်ပစ္စည်းများအတွက် ဖွင့်လှစ်ပေးသွားမည်ဟု ဆိုသည်။

ဂျပန်ဝန်ကြီးချုပ် ရှိဂေးရုအိရှိဘာအား အိမ်ဖြူတော်၌ လက်ခံတွေ့ဆုံဆွေးနွေးပြီးနောက် ထရမ့်က ယင်းကုန်သွယ်ရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0



## ဗီယက်နမ်နိုင်ငံအလယ်ပိုင်း၌ ဝီဖာမုန်တိုင်းကြောင့် ဆိုးရွားသည့် ရေကြီးမှုဖြစ်ပေါ်

**ဟနွိုင်း ဇူလိုင် ၂၃**

ယခုနှစ်အတွင်း ခြောက်ကြိမ်မြောက် တိုင်ဖွန်းမုန်တိုင်းဖြစ်သည့် ဝီဖာမုန်တိုင်းကြောင်း ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း၌ ဆိုးရွားသည့် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပြီး တောင်တန်းဒေသများတွင် ရုတ်တရက် ရေကြီးမှုနှင့် မြေပြိုမှုအန္တရာယ်မြင့်မားကြောင်း ဒေသတွင်းသတင်းစာနန်ဒန်၌ ဇူလိုင် ၂၃ ရက်က ဖော်ပြထားသည်။ နဂီအန်ပြည်နယ်တွင် ရေကြီးမှုကြောင့် တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့သည်။ အဆိုပါဒေသ၏ လူနေရပ်ကွက်အချို့တွင် ရေအနက် တစ်မီတာမှ နှစ်မီတာအထိ ရှိခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဝီဖာမုန်တိုင်းအရှိန်ကြောင့် သန်ဟိုဟာပြည်နယ်ရှိ နေရာရှစ်နေရာတွင် မြေပြိုမှုများ ဖြစ်ပေါ်ခဲ့သည်။ မုန်တိုင်းကြောင့် နေအိမ်ခုနစ်လုံး အမိုးလန်ကာ စပါးစိုက်ခင်း ဟက်တာ ၈၀၀၀ကျော် ရေမြုပ်သွားခဲ့ရသည်။ ထို့ပြင် ပြည်နယ်တစ်ဝန်းစိုက်ပျိုးရေးလုပ်ငန်းများတွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။

အဆိုပါမုန်တိုင်းသည် အပူပိုင်းမုန်တိုင်းငယ်အဖြစ်သို့ အားပျော့သွားပြီး ဇူလိုင် ၂၃ ရက် အစောပိုင်းတွင် အနောက်တောင်ဘက်သို့ ရွေ့လျားသွားပြီးဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်း၊ ယန်းငွေတန်ဖိုးမြင့်တက် ယူရိုငွေတန်ဖိုးနှစ်ပတ်တာအတွင်း အမြင့်ဆုံးသို့ တက်လှမ်းခဲ့

**ဝါရှင်တန် ဇူလိုင် ၂၃**

ဇူလိုင်၂၂ရက်က အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်းခဲ့ပြီး ယန်းငွေသည် ဒေါ်လာနှင့်နှိုင်းယှဉ်ပါက အမိကတန်ဖိုးတက်လာသော ငွေကြေးများထဲတွင် တစ်ခုအပါအဝင်ဖြစ်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ရင်းနှီးမြှုပ်နှံသူများသည် ဩဂုတ် ၁ ရက် နောက်ဆုံးသတ်မှတ်ရက်မတိုင်မီ ကုန်သွယ်ခွန် ဆိုင်ရာဆွေးနွေးမှုများကို စောင့်ကြည့်နေကြပြီး အပေးအယူမလုပ်နိုင်သည့် အမေရိကန်၏ ကုန်သွယ်ဖက်နိုင်ငံများမှ ထုတ်ကုန်များအပေါ် ပြင်းထန်သော အခွန်အခများ ချမှတ်လာမည်သာဖြစ်သည်။

အမေရိကန်ဒေါ်လာတန်ဖိုးကို တိုင်းတာသည့် ဒေါ်လာအညွှန်းကိန်းသည် ဇူလိုင် ၂၁ ရက်က ၀ ဒသမ ၆ ရာခိုင်နှုန်း ခန့်ကျဆင်းခဲ့ပြီးနောက် ၀ ဒသမ



၃ ရာခိုင်နှုန်း ထပ်မံကျဆင်း၍ ၉၇ ဒသမ ၅၄၅ သို့ ရောက်ရှိခဲ့သည်။

ယူရိုငွေတန်ဖိုးမှာမူ ၀ ဒသမ ၂ ရာခိုင်နှုန်း အနည်းငယ်မြင့်တက်၍ ၁ ဒသမ ၁၇၂၅ ဒေါ်လာသို့ ရောက်ရှိရာမှ ကမ္ဘာလုံးဆိုင်ရာ အရောင်းအဝယ်နေ့၏ စောစောပိုင်းတွင် နှစ်ပတ်တာအတွင်း အမြင့်ဆုံးသို့ တက်လှမ်းခဲ့ကြောင်း သိရသည်။

**Mon**

STOP AIDS

ပါကစ္စတန်နိုင်ငံ ရာဝါလ်ပင်ဒီမြို့တစ်နေရာတွင် မုတ်သုံမိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးနေသည်ကို ဇူလိုင် ၂၃ရက်က တွေ့ရစဉ်။ **Mon**



## ကြံသကြားဖြင့် ချိုအောင် ပြုလုပ်ထားသော ကိုကာကိုလာအား အမေရိကန်ဈေးကွက်တွင် မိတ်ဆက်ရန် စီစဉ်ထားသည်ဟု ဆို

**ဝါရှင်တန် ဇူလိုင် ၂၃**

အမေရိကန် အချိုရည်ထုတ်လုပ်ရေးလုပ်ငန်း ကိုကာကိုလာက လက်ရှိ ထုတ်ကုန်များတွင် ကြံသကြားဖြင့် ချိုအောင်ပြုလုပ်ထားသော ကိုကာကိုလာ အမျိုးအစားအသစ်တစ်ခုကို ထပ်မံမိတ်ဆက်ရန် စီစဉ်နေကြောင်း သိရသည်။



အဆိုပါ ကုမ္ပဏီသည် ကမ္ဘာ့ဒေသအများအပြားတွင် ၎င်းတို့၏ ကိုကာကိုလာ အချိုရည်ကို ပုံမှန်သကြားဖြင့်သာ ချိုအောင် ပြုလုပ်ခဲ့သော်လည်း အမေရိကန်ဈေးကွက်တွင်မူ ဆယ်စုနှစ်များစွာကြာအောင် ကုန်ကျစရိတ် သက်သာသည့် အစားထိုးပြောင်းဖူးရည်ကိုအသုံးပြုခဲ့သည်။

သမ္မတ ထရမ့်၏ ကျန်းမာရေးဝန်ကြီး ရောဘတ် အက်ဖ်ကနေဒီ ဂျူနီယာက ပြောင်းဖူးရည်၏ ကျန်းမာရေး ထိခိုက်နိုင်ခြေများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်ကြောင်း မကြာသေးမီက ထုတ် ဖော်ပြောကြားခဲ့သည်။

ထိုသို့ပြောကြားပြီးနောက် အဆိုပါအစီအစဉ်နှင့်ပတ်သက်၍ သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

သမ္မတ ဒေါ်နယ်လ်ထရမ့်သည် ယခင်ရက်သတ္တပတ်က ၎င်း၏လူမှုကွန်ရက်တွင် ပုံမှန်သကြားဖြင့် ကိုကာကိုလာထုတ်လုပ်မည့်အစီအစဉ်ကို ထောက်ခံရေးသားခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



**စွယ်တော်ရွက်**

စွယ်တော်နီသည် အေးဖန်၍ ဝမ်းမီးကို တောက်စေ၏။ ဝမ်းကိုချုပ်စေတတ်၏။ သလိပ်နာ၊ လေနာကို နိုင်၏။

အဝါပွင့်သည် ဖန်၏။ စွယ်တော်အငယ်မျိုးသည် တြိဒေါသနာ၊ ဦးခေါင်း၌ ပေါက်သောအနာကို နိုင်၏။ နို့ရည်ကို ပွားစေတတ်၏။

စွယ်တော်ပန်းဖြူကို ပြုတ်သောက်ပါက ဆီးနည်းခြင်း၊ အသည်းရောင်အသားဝါဖြစ်ခြင်း စသည့်ရောဂါများပျောက်၏။

ခရမ်းရောင်သည် သွေးအညစ်အကြေးကို ပယ်စွန့်၍ မီးယပ်သွေးဆုံးပျောက်၏။ အညွန့်များကို ပြုတ်သောက်ခြင်းဖြင့် သွေးပုပ်ကင်းစင်ပြီး အသက်ရှည်ကျန်းမာစေ၏။ အဆစ်ရောင်ရမ်းခြင်း၊ အဆစ်ကိုက်ခြင်း၊ ဆီးအနယ်ကျခြင်းတို့ကို ပျောက်စေ၏။

အမြစ်ပြုတ်ရည်ကို သောက်သုံးခြင်းဖြင့် ဆီးလမ်းကြောင်း နာကျင်ကိုက်ခဲခြင်းကို ပျောက်စေ၏။ ရေငတ်ခြင်းကိုပယ်၍ ထုံကျင်ခြင်းကို ကာကွယ်နိုင်၏။

စွယ်တော်ပင်သည် တေဇောပျက်၍ အောက်ပိုင်းညောင်းညာကိုက်ခဲခြင်းကို သက်သာပျောက်ကင်းစေသော တန်ဖိုးကြီးမားသည့် ဆေးပင်တစ်ပင် ဖြစ်ပါသည်။



**ရှားစောင်းလက်ပပ်**

သင့်လက်သည်းတွေ ခြောက်သွေ့နေရင် ရှားစောင်းလက်ပပ်ကို ဖြတ်ပြီး လက် ၁၀ ချောင်းလုံးကို ၁၀ မိနစ်လောက် စွပ်ထားလိုက်ပါ။

ရှားစောင်းလက်ပပ်ကို ပါးပါးလှီးပြီး မျက်လုံးအောက်မှာ ကပ်ထားပါက မျက်ကွင်းညိုတာတွေ လျော့ပါးသက်သာစေပါတယ်။

ရှားစောင်းလက်ပပ် ဂျယ်လီကို ဆံသားပေါ်လိမ်းပေးလျှင် ဆံပင်တွေ သန်မာလာပါမယ်။

ရှားစောင်းလက်ပပ်ကို မီးဖိုနှင့်အခြောက်ခံပြီး ကြိတ်စက်ဖြင့် ကြိတ်ပါ။ ရလာသည့် အမှုန့်ဖြင့် သွားတိုက်ပေးလျှင် သွားကျန်းမာရေးကို ကောင်းမွန်စေပါတယ်။

ရှားစောင်းလက်ပပ် ဂျယ်လီကို ဖန်ခွက်တစ်ခွက်ထဲထည့်ပြီး မီးသွေးမှုန့်ဖြင့် ဖျော်၍ လိမ်းပေးပါက ဝက်ခြံ၊ တင်းတိပ်တွေ ပျောက်ကင်းစေပါတယ်။

ရှားစောင်းလက်ပပ်ကို ဖြတ်ပြီး နှုတ်ခမ်းပေါ်သို့ ပွတ်တိုက်ပေးပါက နှုတ်ခမ်းသား စိုစွတ်ပြီး ဝင်းလက်နေပါလိမ့်မယ်။

ရှားစောင်းလက်ပပ်ကို ဆေးထိုးအပ်ဖြင့် စုတ်ထုတ်ယူကာ ရေခဲနှင့်ရော၍ နာကျင်သောနေရာများကို လိမ်းပေးခြင်း၊ နှိပ်နယ်ပေးခြင်းဖြင့် နာကျင်မှုဝေဒနာတွေကို ပျောက်ကင်းစေပါတယ်။

ရှားစောင်းလက်ပပ် ဂျယ်လီကို ခြစ်ယူပြီး ကော်ဖီမှုန့်နဲ့ရော၍ မျက်နှာကို လိမ်းပေးပါက မျက်နှာအမြဲတမ်းတောက်ပနေပါလိမ့်မယ်။



**ခွေးလှေးယားပင်၏အမြစ်၊ အစေ့၊ အရွက်**

ခွေးလှေးယားသည် ချိုခါးသောအရသာရှိ၏။ အေးသောဂုဏ်သတ္တိရှိ၏။ လေ၊ သည်းခြေတို့ကို နိုင်၏။ အစေ့သည် သုက်ကို ပွားစေ၏။ အားကိုဖြစ်စေ၏။ ဝဖြိုးစေ၏။ သန်ပိုးများကို နိုင်၏ဟု မြန်မာဆေးကျမ်းများက ဖော်ပြထားပါသည်။

**အမြစ်**

ခွေးလှေးယားအမြစ်မှုန့် အနည်းငယ်ကို ရေနှင့် ရောသောက်လျှင် သွေးဝမ်းကျရောဂါပျောက်၏။

ခွေးလှေးယားမြစ်ကို သုံးခွက်တစ်ခွက်တင်ကျို၍ ပျားရည်နှင့်ရောသောက်လျှင် ကာလဝမ်းရောဂါပျောက်၏။

ခွေးလှေးယားမြစ်ကိုကြိတ်၍ ရေဖျဉ်းရှိသောဗိုက်ကို လိမ်းပေးခြင်း၊ အတုံးငယ်လေးများတုံး၍ ခြေဆစ်၊ လက်ဆစ်တို့၌ ချည်နှောင်ပေးခြင်းဖြင့် ရေဖျဉ်းရောဂါပျောက်စေ၏။

ခွေးလှေးယားမြစ် ကြိတ်ရည်ကို နေ့စဉ်သောက်လျှင် လေရောဂါနှင့် လက်မောင်းသိမ်ရောဂါပျောက်စေ၏။

ခွေးလှေးယားအမြစ်အမှုန့်ကို ဆီနှင့် ချင်ပြီး အဆီကို စစ်ယူ၍ လိမ်းပေးလျှင် ဆင်ခြေထောက်ရောဂါပျောက်၏။

**အစေ့**

ခွေးလှေးယားစေ့အမှုန့်ကို ရေနှင့် ရော၍ သောက်လျှင် ဆီးချုပ်ရောဂါပျောက်၏။

ခွေးလှေးယားစေ့အနှကို ဟင်းအဖြစ်ကြော်ချက်စားလျှင် သွေးအန်၊ သွေးလျှံရောဂါပျောက်၏။

ခွေးလှေးယားစေ့ကိုကြိတ်၍ ကင်းကိုက်သောနေရာ၌ အုံပေးလျှင် ကင်းဆိပ်ပျောက်၏။

ခွေးလှေးယားစေ့ကို အားတိုးဆေး၊ ကာလသားရောဂါပျောက်ဆေး၊ လေငန်းရောဂါပျောက်ဆေးအဖြစ်လည်း သုံး၏။

ခွေးလှေးယားစေ့နှင့် အမြစ်ကို ဆတူရော၍ အမှုန့်ပြုလုပ်ပြီး ယင်းအမှုန့်နှင့် သကြားဆတူရောပြီး နွားနို့နှင့် နေ့စဉ်သောက်လျှင် ကျန်းမာဝဖြိုးပြီး သုက်အားကိုကောင်းစေ၏။

ခွေးလှေးယားစေ့ကို အမှုန့်ပြုလုပ်၍ နွားနို့နှင့်သောက်လျှင် သုက်ကိုအထူးပွားစေ၏။ အမျိုးသမီးများ နို့ထွက်စေ၏။

**အသီး**

အသီးတောင့်ကို သန်ချဆေးအဖြစ်သုံး၏။

**အရွက်**

ခွေးလှေးယားရွက်ကို ပြုတ်တို့လျှင် သားသည်မိခင်များ နို့ထွက်များစေ၏။ သွေးအန်၊ သွေးကျရောဂါကို ကာကွယ်နိုင်၏။ ယောက်ျားများ ဒူလာရောဂါပျောက်၏။



**ရဲယို**

ရဲယိုပင်က အကိုက်အခဲပျောက်စေနိုင်ပြီး လေးဖက်နာနဲ့ အခြားအဆစ်၊အမြစ်တွေ နာကျင်ကိုက်ခဲတာကို သက်သာစေနိုင်ပါတယ်။

ကိုယ်ခံအားကောင်းစေဖို့ အထောက်အကူပြုပေးပါတယ်။ ဘက်တီးရီးယားတွေ အန္တရာယ်ကနေ ကာကွယ်ပေးသလို တုပ်ကွေးလိုမျိုး ကူးစက်တတ်တဲ့ရောဂါတွေကနေ ကာကွယ်ပေးနိုင်ပါတယ်။

ရဲယိုသီးနဲ့ ရဲယိုရွက်က စိတ်ခံစားမှုကောင်းမွန်စေပြီး စိတ်ဓာတ်မကျစေဖို့နဲ့ အိပ်ပျော်စေဖို့အတွက် အရေးပါတဲ့ ဟော်မုန်းတွေကို လှုံ့ဆော်ပေးနိုင်တဲ့အတွက် စိတ်ဓာတ်ကျမှာ၊ အိပ်မပျော်မှာကို ပူစရာမလိုတော့ပါဘူး။

ရဲယိုရွက်နဲ့ ရဲယိုသီးတွေက နိုက်ထရစ်အောက်ဆိုဒ်ထွက်ရှိအောင် လှုံ့ဆော်ပေးနိုင်စွမ်းရှိပါတယ်။ ခန္ဓာကိုယ်က ကင်ဆာဆဲလ်တွေကို တုံ့ပြန်တိုက်ခိုက်နိုင်အောင် လုပ်ဆောင်ပေးသလို ကင်ဆာကျိတ်တွေ ကြီးမလာအောင်လည်း ဟန့်တားပေးနိုင်ပါတယ်။

ဗီတာမင်စီနဲ့ ဆီလီနီယမ်တို့ ပါဝင်နေသောကြောင့် သွေးကြောနံရံတွေကို Free Radical တွေကြောင့် ထိခိုက်ပျက်စီးမှုကနေ ကာကွယ်ပေးပါတယ်။ ပိုတက်ဆီယမ်ပါဝင်မှုကြောင့် သွေးတိုးကျစေနိုင်ပါတယ်။ နောက်ထပ်အာနိသင်တစ်ခုက သွေးကြောတွေကို ပြေလျော့စေတာပါ။

သွေးတွင်းက အကျိုးမပြုတဲ့ ကိုလက်စထရောတွေကို ကျဆင်းစေပြီး သွေးကြောထဲမှာ အဆီတွေစုပုံတာမျိုးမဖြစ်အောင် ကာကွယ်ပေးနိုင်ပါတယ်။

သွေးတွင်း ကိုလက်ထရောကို ကျဆင်းစေနိုင်ပြီး သွေးကြောတွေထဲမှာ သွေးစီးဆင်းမှုကောင်းစေနိုင်သောကြောင့် ဦးနှောက်ထဲကို သွေးစီးဆင်းရောက်ရှိမှုကောင်းမွန်စေပြီး ဦးနှောက်ကို ကျန်းမာစေနိုင်သလို မှတ်ဉာဏ်လည်း ပိုကောင်းစေနိုင်ပါတယ်။

ပျော့်ဝင်လွယ်တဲ့ အမျှင်ဓာတ်များစွာ ပါဝင်နေသောကြောင့် အူတွေအတွင်းမှာ စီးဆင်းမှုကို ကောင်းမွန်စေပြီး ဝမ်းမှန်စေနိုင်ပါတယ်။ အူလမ်းကြောင်း ကျန်းမာဖို့အတွက် လိုအပ်တဲ့ ဗီတာမင်နဲ့ သတ္တုဓာတ်တွေကို ထောက်ပံ့ပေးပါတယ်။

လေနာရောဂါ၊ အတက်ရောဂါတွေကို သက်သာစေနိုင်သလို ချောင်းဆိုးပျောက်စေပါတယ်။ ဆီးချိုအတွက် အသုံးတည့်သလို ဆီးသွားရင် နာကျင်တာ၊ အဖြူဆင်းတာနဲ့ မအီမသာဖြစ်တာတွေအတွက်လည်း အသုံးတည့်ပါတယ်။

အမျိုးသမီးများ ရာသီသွေး မှန်စေနိုင်သလို သွေးမဆုံးခင် ခံစားရနိုင်တဲ့ လက္ခဏာတွေကိုလည်း သက်သာစေနိုင်ပါတယ်။

အတွင်းတိမ်မဖြစ်အောင် ကာကွယ်ဖို့၊ ကင်ဆာကာကွယ်ဖို့နဲ့ လေမဖြတ်အောင် ကာကွယ်ဖို့အတွက်လည်း အထူးသင့်လျော်တဲ့ ဓာတ်စာတစ်ခုပါ။

ခေါင်းတစ်ခြမ်းကိုက်တာအတွက်လည်း စားသုံးပေးလို့ရပါတယ်။



**ဖာလာစေ့**

ဖာလာစေ့တွင် ပိုတက်စီယမ်၊ ကယ်လ်ဆီယမ်၊ ဆာလဖာ၊ မဂ္ဂနီစီယမ်နှင့် သံဓာတ်စသည်တို့ ပါဝင်ပါတယ်။

ဖာလာစေ့ကို မနက်၊ ည အနည်းငယ်စားပေးပါက ခေါင်းကိုက်ဝေဒနာပျောက်၏။

ဖာလာစေ့ကို နေ့စဉ်မှန်မှန်စားသုံးပေးလျှင် ဆီးရွှင်စေ၏။

ကျောက်ကပ်ကျောက်တည်ခြင်း၊ ဆီးသွားစဉ်နာကျင်ခြင်း၊ ဆီးမကြာခဏသွားခြင်းတို့ကို သက်သာပျောက်ကင်းစေ၏။

ရေနွေးကြမ်းကဲ့သို့ သောက်သုံးပေးလျှင် အဆီ(မကောင်းသည့် ကိုလက်စထရောကို ကျစေ၏။) ခန္ဓာကိုယ်အတွင်းမှ အဆိပ်အတောက်များကို ဖယ်ရှားပေး၏။

အစာချေဖျက်မှု အားကောင်းစေပြီး လေနှင့် ဖောရောင်ခြင်းများကို လျော့ကျစေ၏။

ခံတွင်းနံ့ဆိုးခြင်းနှင့် ပိုးမွှားများ ကင်းစင်စေရန် ဖာလာစေ့အနည်းငယ်ကို ဝါးစားပေးပါ။

ချောင်းဆိုး၊ ရင်ကြပ်၊ လည်ပင်းနာခြင်းတို့အတွက် ဖာလာစေ့ကိုကြိတ်ပြီး ပျားရည်နှင့်ရောသောက်ပေးပါ။

ဖာလာစေ့က အရေပြားနှင့် ဆံပင်ကို များစွာအထောက်အကူပြုပါတယ်။ သွေးအားကို မြှင့်တင်ပေးပြီး ကျောက်ကပ်အတွင်းရှိ Urea နှင့် ကယ်လ်စီယမ်တို့ကို ဖယ်ရှားပေးပါတယ်။ အသားအရေကို စိုပြည်စေပါတယ်။

ဆံပင်ပြတ်ခြင်း၊ ဗောက်ထခြင်း၊ ဆံပင်မသန်ခြင်း၊ ဆံပင်နှစ်ခွဖြစ်ခြင်းနှင့် ဦးရေပြားယားယံခြင်းတို့ကို ပျောက်ကင်းစေပါတယ်။ ကင်ဆာနှင့် အခြားရောဂါများကိုလည်း ကာကွယ်ပေးပါတယ်။

ဖာလာစေ့ကို ညက်အောင်ထုချေပြီး အနာတစ်ဝိုက်အုံပေးထားလျှင် သက်သာပျောက်ကင်းပြီး ပိုးမွှားများကိုလည်း သေစေနိုင်ပါတယ်။

အစာမကြေ၊ အော့အန်တတ်သည့်ရောဂါ၊ သရက်ရွက်ကြီးသည့်ရောဂါ၊ ယားယံသည့်ရောဂါတွေဖြစ်ခဲ့ရင်လည်း ဖာလာစေ့ကို အသုံးပြုကြပါတယ်။

ခံတွင်းနံ့ဆိုးလျှင် ဖာလာစေ့ကို ဝါးပြီး ငုံထားပေးပါ။

တုပ်ကွေးဖြစ်လျှင် ဖာလာစေ့ ငါးစေ့၊ ခြောက်စေ့ကို ချင်း၊ ထန်းလျက်နှင့် ကျိုပြီး သောက်ပေးပါက ပျောက်ကင်းပါတယ်။

**"အာရောဂျံ ပရမံ လာဘံ"**

**ကိုးကား – Tit Tok**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၃)၊ ဦးပိုင်အမှတ်(၆၃)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်ငွေရှိ(ဘ)ဦးစံဘ အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်အိမ်ထရံကာသွပ်မိုး(၁)လုံး၊ ရေမီးအပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပြီး လက်ရှိလက်ရောက် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးလွင်မောင်မောင်ကျော်(ဘ)ဦးမောင်မောင်ကျော်(၉/အမဇ(နိုင်)၁၈၉၅၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးအောင်ကြည်(ဘ)ဦးချစ်ဝင်း(၅/ဝလန(နိုင်)၀၃၅၃၂၄)ကိုင်ဆောင်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးစေထက်ကျော်(LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| | |
|---|---|
| **ဦးကျော်စေယျ(LL.B)** | **ဒေါ်ပိုးအိနိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**၁၁၇လမ်း၊ ၆၇လမ်းနှင့်၆၈လမ်းကြား၊ (ခ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၅၁၁၂**

## အမည်ပြောင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဦးလှမြင့်+ဒေါ်နန်းစေးသိန်းတို့၏သမီး ရတနာပုံ တက္ကသိုလ် ဒဿနိကဗေဒမှ မဖြိုးသီရိကျော်အား မမေသစ်ဟု ပြောင်းလဲခေါ်ပါရန်။

**မမေသစ်**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၉)၊ ဦးပိုင်အမှတ်(၃၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (ပေ၆၀×၄၅ပေ) အကျယ်အဝန်းရှိ ဦးအေးရွှေ အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း (ပေ၃၀×၄၅ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို မြေအရောင်းအဝယ် ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ရွှေမြင်လင့်(ဘ)ဦးရွှေတဲ့ချမ်(၁၃/လရန(နိုင်)၁၀၆၃၃၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ဒါလီနိုင်ဝင်း (LL.B), (LL.M), (D.B.L)**

**တရားလွှတ်တော်ရှေ့နေ**

**၇၇လမ်း၊ ၃၁လမ်းနှင့်၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၅၄၄၅၆၁၉၇**

**ကြော်ငြာစာ**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၇)၊ ဦးပိုင်အမှတ်(၃၂)ခဲစင်းရှေ့ခြမ်း၊ ၅၉လမ်းနှင့်မီးရထားသံလမ်းကြား၊ လမ်း၄၀နှင့်၄၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ချိုချိုလှ(၁၃/လရန(နိုင်)၁၂၂၄၃)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၇၇၉/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်တင်မိုးကျော်(၉/မရမ(နိုင်)၀၈၈၁၇၉)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၁၀)၊ ဦးပိုင်အမှတ်(၇၂+၇၃)၊ ၅၆လမ်း၊ ၃၉လမ်းနှင့်လမ်း၄၀ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုင်းမောင်စိန်(၁၃/နခန(နိုင်)၀၀၃၃၀၉)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၇၀၁/၂၀၀၆)ဖြင့် လွှဲအပ်ခြင်းခံရသူ U KYANG CHING CHAN (ခ)ဦးကျန်းချိန်ချမ်း(၁၃/လလန(ပြု)၀၀၀၁၄၄)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ်(၆၆၅)၊ ဦးပိုင်အမှတ်(၆၇-က) ခဲစင်းမြောက်ခြမ်း၊ ၇၈လမ်းနှင့်၇၉လမ်းကြား၊ လမ်း၄၀နှင့်၄၁လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ရင်ရင်(၉/မရတ(နိုင်)၀၂၀၅၆၅)က အမည်ပေါက်မြေပုံတင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

# သက်ဆိုင်သူများနှင့်
# အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်၊ အကွက်(၅၉၈)၊ ၈၃လမ်းနှင့်၂၇လမ်းထောင့်တွင် (၁၉၂၃-၁၉၂၄)ခုနှစ် ရှေးပဝေသဏီနဂိုမူလက သားစဉ်မြေးဆက်နေထိုင်တည်ရှိခဲ့သော သီရိမင်္ဂလာရိပ်သာ ဦးပိုင်အမှတ်(၁၇)၊ အရှေ့-အနောက်(၄)ခန်း၊ တောင်-မြောက်(၈)ခန်း၊ မြေဧရိယာ(၀ ဒသမ ၀၅၃၂)ဧက အကျယ်အဝန်းသည် မိခင်(ကွယ်လွန်သူ ဒေါ်လှရင်) တစ်ဦးတည်း အမည်ပေါက် ပိုင်ဆိုင်နေထိုင်လာသော ဘိုးဘပိုင်မြေဖြစ်ပါသည်။ ဒေါ်လှရင်တွင် သား ဦးကျော်ငွေးနှင့် ဦးစန်းမောင်တို့ မွေးဖွားခဲ့ပါသည်။

၁၉၆၂ခုနှစ်တွင် မြောက်ဘက်ခြမ်း အနောက်ဘက်(၂ခန်း×၄ခန်း)မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းကို (၇-၅-၁၉၆၂)ရက်စွဲ မှတ်ပုံတင်ပစ္စည်းအပိုင်ပေးစာချုပ်အမှတ်-၃၂၆/၆၂ အရ သားဖြစ်သူ ဦးကျော်ငွေး အား လည်းကောင်း၊ အရှေ့ဘက်(၂ခန်း×၄ခန်း)မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းကို (၇-၅-၁၉၆၂)ရက်စွဲ မှတ်ပုံတင်ပစ္စည်းအပိုင်ပေးစာချုပ်အမှတ်-၃၂၇/၆၂ အရ သားဖြစ်သူ ဦးစန်းမောင် အား လည်းကောင်း ပေးအပ်ခဲ့ပါသည်။

၁၉၇၄ ခုနှစ်တွင် မိခင် ဒေါ်လှရင်ကွယ်လွန်သေဆုံးပြီးနောက် မိခင်၏ အမွေကို ဦးကျော်ငွေးနှင့် ဦးစန်းမောင်တို့ အမွေဆက်ခံလာခဲ့ပါသည်။

၁၉၈၄ ခုနှစ်တွင် မန္တလေးမြို့ မီးကြီးလောင်သောအခါ မီးလောင်မြေ ပြန်လည်နေရာချထားရေးအဖွဲ့မှ ဦးပိုင်(၁၇) မြေတစ်ကွက်လုံးကို ဦးကျော်ငွေး၊ ဦးစန်းမောင် တို့အား ပြန်လည်နေရာချထားပေးအပ်ခဲ့ပါသည်။

၁၉၉၈ ခုနှစ်တွင် မှတ်ပုံတင်(ပစ္စည်းအပိုင်ပေးစာချုပ်)အမှတ် ၃၂၆/၆၂ မြောက်ဘက်ခြမ်းအနောက်ဘက်(၂ခန်း×၄ခန်း)ခဲစင်းပြ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧကကို ဦးကျော်ငွေးနှင့် ဦးစန်းမောင်တို့က သားအရင်းတူအရင်းဖြစ်သော ဦးမောင်မောင်လတ်နှင့် ဦးခင်မောင်ငွေးတို့ကို (၂၆-၁-၁၉၉၈)ရက်စွဲ မှတ်ပုံတင်(မေတ္တာဖြင့် အပိုင်ပေးစာချုပ်)အမှတ် ၁၄၅၈/၁၉၉၈ အားလည်းကောင်း ပေးအပ်ခဲ့ပါသည်။

၂၀၀၁ ခုနှစ်တွင် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်စာတမ်းများအရ ယခင် ဦးပိုင်(၁၇)၊ တိုက်၏မြောက်ဘက်ခြမ်း ယခုဦးပိုင်(၁၇-က)၊ မြောက်ဘက်ခြမ်း(၄ခန်း×၄ခန်း)မြေဧရိယာ(၀ ဒသမ ၀၂၇၄)ဧကကို ဦးစန်းမောင်၊ ဦးမောင်မောင်လတ်၊ ဦးခင်မောင်ငွေးတို့က ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေအရ တရားဝင်အမည်ပေါက် ပိုင်ဆိုင်နေထိုင်လာကြပြီး (၁၄-၂-၂၀၁၁)ရက်စွဲတွင် မှတ်ပုံတင်အရောင်းစာချုပ်(၅၂၂၃/၂၀၁၁)အရ ဦးထင်ဝှား(ဘ)ဦးကြည်စိန်(ဖေါင်းပြင်စတိုး)ကို ရောင်းချခဲ့၍ ဦးထင်ဝှား အမည်ပေါက်ပြီး ဖြစ်ပါသည်။

တစ်ဖန် ၂၀၀၀ ခုနှစ်တွင် ဦးကျော်ငွေး ကွယ်လွန်သေဆုံးပြီး ၂၀၂၁ ခုနှစ်တွင် ဦးစန်းမောင် ကွယ်လွန်သေဆုံးခဲ့ပါသည်။

ကျန်တောင်ဘက်ခြမ်းဖြစ်သော ယခင်ဦးပိုင်(၁၇)၊ ယခုဦးပိုင်(၁၇-ခ)၊ (၄ခန်း×၄ခန်း)မြေဧရိယာ(၀ ဒသမ ၀၂၅၈)အကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်မှာ မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် -

**(၁) (၁၁-၆-၂၀၀၁)ရက်စွဲ(အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာတမ်း)မှတ်ပုံတင်စာချုပ်အမှတ်(၁၆၈၀/၂၀၀၁)အရလည်းကောင်း**

**(၂) (၁၅-၁၁-၂၀၀၁)ရက်စွဲ (နှစ်ဦးသဘောတူစွန့်လွှတ်စာတမ်း)မှတ်ပုံတင်စာချုပ်အမှတ် ၃၅၃၄/၂၀၀၁ အရလည်းကောင်း**

**(၃) (၂၇-၅-၂၀၂၄)ရက်စွဲ (အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာတမ်း)မှတ်ပုံတင်စာချုပ်အမှတ် ၂၉၇၄/၂၀၂၄ အရလည်းကောင်း**

ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေအရလည်းကောင်း၊ အုပ်ချုပ်ရေးဥပဒေအရလည်းကောင်း၊ တရားစီရင်ရေးဥပဒေအရလည်းကောင်း၊ ဥပဒေရေးရာ စီရင်ထုံးဥပဒေများအရလည်းကောင်း (၁) ဦးမောင်မောင်လတ်၊ (၂) ဦးမောင်မောင်လေး၊ (၃) ဦးခင်မောင်ငွေးနှင့် (၄) ဦးခင်မောင်ကျော်တို့ ဥပဒေနှင့်အညီ တရားဝင်လက်ရှိ အမည်ပေါက် ဘိုးဘပိုင်မြေကွက်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ယခင် ဦးပိုင်(၁၇)၊ ယခုဦးပိုင်(၁၇-ခ)၊ တောင်ဘက်ခြမ်း (၄ခန်း×၄ခန်း) မြေဧရိယာ(၀ ဒသမ ၀၂၅၈)ဧက အကျယ်အဝန်းရှိ ဘိုးဘပိုင်မြေနှင့် စပ်လျဉ်းပြီး တရားဝင်ဥပဒေနှင့်အညီ ခိုင်လုံသော စာရွက်စာတမ်းများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများပါရှိခြင်းမရှိဘဲ ဝင်ရောက်ကျူးကျော်ခြင်း၊ မြေကြီးမြေပုံကူးယူခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ အခြားနည်းဆောင်ရွက်ခြင်းများတို့ကို လုံးဝမပြုရန် ကန့်ကွက်အသိပေးကြေညာအပ်ပါသည်။ လိုက်နာဆောင်ရွက်ခြင်းမရှိပါက ပြည်ထောင်စုမြန်မာနိုင်ငံတော်တည်ဆဲဥပဒေနှင့်အညီ ရာဇဝတ်ကြောင်း၊ တရားမကြောင်းများအရ တရားစွဲဆို ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မြေအမည်ပေါက်အသိပေးကြေညာသူများ**

**၁။ ဦးမောင်မောင်လတ်(ဘ)ဦးကျော်ငွေး(၉/မရမ(နိုင်)၀၃၇၄၁၈)**
**၂။ ဦးမောင်မောင်လေး(ဘ)ဦးကျော်ငွေး(၉/မရမ(နိုင်)၀၅၆၅၄၉)**
**၃။ ဦးခင်မောင်ငွေး(ဘ)ဦးကျော်ငွေး(၉/မရမ(နိုင်)၀၅၆၅၅၂)**
**၄။ ဦးခင်မောင်ကျော်(ဘ)ဦးကျော်ငွေး(၉/မရမ(နိုင်)၀၅၆၅၂၉)**
**၅။ ဦးထင်ဝှား(ဘ)ဦးကြည်စိန်(၅/ဖပန(နိုင်)၀၀၃၀၂၁)**

**အကွက်(၅၉၈)၊ ဦးပိုင်(၁၇-က)၊ (၁၇-ခ)၊ ၈၃လမ်းနှင့်၂၇လမ်းထောင့်၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၂၂၀၆၊ ၀၉-၉၇၁၈၈၈၈၈၇**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## ရေနှင့် သန့်ရှင်းမှုဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
## (၆/ ၂၀၂၅-၂၀၂၆)

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါလုပ်ငန်းအား BOT(Build Operate And Transfer)စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသောကုမ္ပဏီများ အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါခေါ်ယူ၍ ဆောင်ရွက်မည့်လုပ်ငန်းအမည်-

(၁) အောင်မြေသာစံမြို့နယ်၊ ကမ်းနားလမ်း၊ သီရိမာလာငါးဈေးတွင်(၂၀)ခန်းတွဲ အများသုံးသန့်စင်ခန်းတည်ဆောက်ခြင်းလုပ်ငန်း

| | | |
|---|---|---|
| (ခ) တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ | - | ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက် |
| (ဂ) တင်ဒါပုံစံအရောင်းပိတ်မည့်နေ့ | - | ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၈)ရက် |
| (ဃ) တင်ဒါအချက်အလက်ရှင်းလင်းမည့်နေ့ | - | ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၁၁)ရက် |
| (င) တင်ဒါအာမခံကြေး(၁%)ပေးသွင်းခြင်း | - | ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၁၂)ရက် |
| | | ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၁၃)ရက် |
| (စ) တင်ဒါပုံစံလက်ခံခြင်း | - | ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၁၂)ရက် |
| (ဆ) တင်ဒါပုံစံလက်ခံစာရင်းပိတ်ခြင်း | - | ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၁၃)ရက် |
| (ဇ) တင်ဒါဖွင့်မည့်နေ့ | - | ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၁၄)ရက် |
| (ဈ) တင်ဒါလျှောက်လွှာဈေးနှုန်း | - | တစ်စောင်လျှင် ၁၀,၀၀၀/-နှုန်း |

၂။ တင်ဒါပုံစံများအား (၁၂-၈-၂၀၂၅)ရက်မှစတင်၍ ရုံးချိန်အတွင်း ဌာနသို့ လာရောက်၍ ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ရေနှင့်သန့်ရှင်းမှုဌာန(ဖုန်း ၀၉-၂၂၁၅၆၇၅)သို့ မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေနှင့်သန့်ရှင်းမှုဌာန**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၁၉)၊ ဦးပိုင်အမှတ်(၄၉)၊ လမ်း၅၀နှင့် ၅၁လမ်းကြား၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မိမိဌေး(၁၃/လရန(နိုင်)၀၈၄၇၂၄)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဏ-၃)၊ ဦးပိုင်အမှတ်(၄၄)၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ ၆၂လမ်းနှင့် ၆၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တော(၉/မကန(နိုင်)၀၅၁၉၅၅)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၅၂/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ဇော်မိုး(၉/ပသက(နိုင်)၀၀၂၅၈၆)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ-၁၂)၊ ဦးပိုင်အမှတ်(၆၀)ခဲစင်းအနောက်ခြမ်း၊ ၆၅လမ်းနှင့် ၆၆ လမ်းကြား၊ လမ်း၁၄၀နှင့် ၁၄၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသိန်းအောင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၅၀၂၇/၁၉၉၇)ဖြင့် ဝယ်ယူခဲ့သူ ဦးထွန်းလှမြင့်အား တရားလို ဒေါ်ကျင်မေက တရားပြိုင် ဦးထွန်းလှမြင့်(၎င်း၏ SPရသူ ဦးတင်ဝင်း)အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၃၄/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်ကျင်မေ(၁၃/ကမန(နိုင်)၁၄၀၀၉၁)က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(ဈ-၄)၊ ဦးပိုင်အမှတ်(၆)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသိန်းမြင့်၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၇၇၂/၂၀၀၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နီနီမြင့်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၃၂၉/၂၀၂၂)ဖြင့် ဝယ်ယူခဲ့သူ ဦးလှထွန်း(၉/မရတ(နိုင်)၁၁၁၁၆၀)က ဂရန်စာချုပ်တင်ပြ၍ အမည်ပြောင်းလျှောက်ထားခဲ့ရာ မြေရာဇဝင် ၁(က)မှတ်တမ်းတွင် ကန့်ကွက်ထားမှုရှိနေပါသဖြင့် ကန့်ကွက်မှတ်သားထားရှိမှုအား ပယ်ဖျက်ပေးပါရန်နှင့် အမည်ပြောင်းလျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ မြရည်နန္ဒာအိမ်ရာ၊ အကွက်အမှတ်(မမ-၂၅)၊ တိုက်အမှတ်(၇)၊ အခန်းအမှတ်(၁၆)၊ တတိယထပ်တိုက်ခန်းရှိ ဒေါ်တင်မေသိန်း အမည်ပေါက် တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော (ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲပိုင်ခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသူဟု အဆိုပြုသူ ဒေါ်မေဦးသော်(ဘ)ဦးကျော်မင်း(၇/ပမန(နိုင်)၂၆၀၀၅၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်နန္ဒာဝင်း(ဘ)ဦးသန်းဝင်း(၆/မမန(နိုင်)၁၃၈၀၈၁)က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေများ အပြေအကြေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အရောင်းအဝယ်ကိစ္စနှင့် ၎င်း၏အမည်ပေါက် ပြောင်းလဲဆောင်ရွက်ရန်အတွက် ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းအိရွှေစင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(မမ-၂၇)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၅၃၁၉၉၉၊ ၀၉-၆၉၃၉၉၉၁၁၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၉၄)၊ ဦးပိုင်အမှတ်(၅-ဃ)၊ ဧရိယာ(၀ ဒသမ ၀၃၈၅)ဧက အကျယ်အဝန်းရှိ ဘိုးဘွားပိုင်မြေကွက်သည် ဒေါ်ကျော်အမည်ပေါက်မြေကွက်ဖြစ်ပါသည်။ အဆောက်အအုံပါ မြေကွက်၏ ပိုင်ဆိုင်မှု လွှဲပြောင်းရောင်းချစီမံပိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လွှဲပြောင်းရောင်းချလိုကြောင်း အမည်ပေါက်သူ ဒေါ်ကျော်နှင့် ဦးလှဖုန်း(၉/မခန(နိုင်)၁၅၀၃၁၃)တို့မှ ကမ်းလှမ်းပြောဆိုမှုကို ယုံကြည်၍ ကျွန်တော်၏မိတ်ဆွေဖြစ်သူသည် နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ် ကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ မြေကွက်၏ လွှဲပြောင်းမှုပြုခြင်း၊ အရောင်းအဝယ်စာချုပ် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက လွှဲပြောင်းဝယ်ယူသူ၊ ကြော်ငြာသူ၏ အကျိုးအတွက် အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်ပြီး သက်ဆိုင်ရာရုံးဌာနတွင် အမည်ပြောင်းဆောင်ရွက်ခြင်းအားလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးဝဏ်ဏလတ်**
**(၁/မစန(နိုင်)၀၅၃၁၄၅)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်စင်ထက် (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ**
**အကွက်ဦးပိုင်အမှတ်(၄၁၅/N-၃,၁၇၂)၊ ညောင်ကွဲရပ်ကွက်၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၇၈၃၈၅၇၄၁၇၊ ၀၉-၇၅၇၅၅၂၄၉၂**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၈၉-က)၊ ဦးပိုင်အမှတ်(င/၂၂)၊ ရန်ကုန်-မန္တလေးကားလမ်းအနောက်ဘက်၊ မဇေသိန်းလမ်းတောင်ဘက်ရှိ ဒေါ်ခင်မြင့်အမည်ပေါက်တောဂရန်မြေကွက်အား တရားလို ဒေါ်နီနီလှိုင်က တရားပြိုင် ဒေါ်ခင်မြင့်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၂၁/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်နီနီလှိုင်(၉/မရမ(နိုင်)၀၁၃၀၄၇)က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(၈၂)၊ ဦးပိုင်အမှတ်(၆၆)မြေချထားမိန့်အမည်ပေါက်သည့် ဦးမြတ်နှင်း(ဘ)ဦးဆိုး(၉/မနမ(နိုင်)၀၇၄၉၉၉)ကိုင်ဆောင်သူ အမည်ဖြင့် ချထားပေးသည့် ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက ကျယ်ဝန်းသည့် မြေကွက်မြောက်ဘက်ဆုံးအပိုင်း၏ တောင်ဘက်ကပ်လျက်ဖြစ်သော မြေကွက်အကျယ်အဝန်း(၁၅ပေ နှင့် ပေ ၃၀ )ကျယ်ဝန်းသော အပိုင်းကို နေထိုင်ပိုင်ဆိုင်ခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့်အရပ်ရပ်တို့အား စလစ်အမည်ပေါက်သူထံမှ အရပ်ကတိစာချုပ်အဆက်ဆက် ကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် လက်ရောက်ရရှိပိုင်ဆိုင်ထားသူဟု အဆိုပြုသူ ဦးမျိုးမြင့်(ဘ)ဦးခင်မောင်လေး(၉/ပကခ(နိုင်)၀၀၂၅၄၆)ကိုင်ဆောင်သူမှ ၎င်းကလွှဲ ပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အဆိုပါမြေကွက်ကို ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးအပ်ထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝဏ္ဏဆွေ**
**(တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၄/၅၈)၊ ၁၁၁(အေ)လမ်း၊ ၆၈(အေ)လမ်းနှင့် ၆၈(ဘီ) လမ်းကြား၊ အမှတ်(၅)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၉၆၄၄၁၅၁၅၀၊ ၀၉-၂၅၀၄၁၅၁၅၀**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၄)၊ ဦးပိုင်အမှတ်(၂)၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ ၁၃၉လမ်းနှင့် လမ်း ၁၄၀ကြားရှိ ဒေါ်မြင့်မြင့်ဝင်းအမည်ပေါက် ဂရန်မြေကွက်အား တရားလို ဒေါ်ကွေရင်(ခ)ခင်စန်းဝင်းက တရားပြိုင် ဒေါ်မြင့်မြင့်ဝင်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၅၈/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်ကွေရင်(ခ)ခင်စန်းဝင်း(၅/ကဘလ(ဧည့်)၀၀၀၀၀၃)က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၂၈)၊ ဦးပိုင်အမှတ်(၂၉)၊ ၅၆လမ်းနှင့် ၅၇လမ်းကြား၊ ၁၃၂လမ်းနှင့် ၁၃၃လမ်းကြားရှိ မြေကွက်အား ဂရန်အမှုတွဲအမှတ်(၁၇၄၆/၉၇-၉၈)အရ ဦးဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/အမရ(နိုင်)၀၇၆၂၀၅) အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဒေါ်ခင်မြင့်ထူး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရတ(နိုင်)၀၄၂၃၃၉)က မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ခခ-၃)၊ ဦးပိုင်အမှတ်(၃)၊ ၁၀၂လမ်း၊ ၅၇လမ်းနှင့် ၅၈လမ်းကြားရှိ ဒေါ်လှလှအမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်အေးအေးနိုင်က တရားပြိုင် ဒေါ်လှလှအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၃၉/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်အေးအေးနိုင်(၉/မနတ(နိုင်)၀၀၃၉၂၉)က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၈)၊ ဦးပိုင်အမှတ်(၇၁)၊ ၁၂၁လမ်းနှင့် ၁၂၂လမ်းကြား၊ ၆၁လမ်းနှင့် ၆၂လမ်းကြားရှိ တသ စန်းလွင်အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်မာရွယ်(၎င်း၏ အခွင့်ရ ကိုယ်စားလှယ် ဒေါ်ကြည်ဝင်း)က တရားပြိုင် တသ စန်းလွင်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၀၃/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်မာရွယ်(၁၃/မဆတ(နိုင်)၀၁၁၇၉၉)(၎င်း၏ GPရသူ ဒေါ်ကြည်ဝင်း)က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ❖ မြန်မာနိုင်ငံ၏ နိုင်ငံအရေးကို မြန်မာနိုင်ငံသားများကသာ ဆုံးဖြတ်ရမည်ဖြစ် ...

(ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၁/၂၀၂၅) တွင် ပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် မြန်မာအသင်း ငွေတံဆိပ်တစ်ခု စတင်ရရှိ



**ရန်ကုန် ဇူလိုင် ၂၃**

(၃၈)ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကို ထိုင်းနိုင်ငံ၌ စတင်ကျင်းပလျက်ရှိရာ မြန်မာပိုက်ကျော်ခြင်းအသင်းသည် အမျိုးသမီးကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့သည်။

မြန်မာပိုက်ကျော်ခြင်းအသင်းသည် အမျိုးသမီး ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် ရမှတ် ၇၅၀ ဖြင့် ငွေတံဆိပ်ရရှိခဲ့ပြီး အိမ်ရှင် ထိုင်းအသင်းက ရမှတ် ၉၀၀ ဖြင့် ရွှေတံဆိပ်ရရှိသည်။ ဗီယက်နမ်အသင်းနှင့် လာအိုအသင်းတို့က ပူးတွဲကြေးတံဆိပ်ရရှိသည်။ မြန်မာပိုက်ကျော်ခြင်းအသင်းသည် ယခုပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ခြောက်မျိုးယှဉ်ပြိုင်လျက်ရှိပြီး အမျိုးသား+အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲ၊ သုံးယောက်တွဲအသင်းလိုက် အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ လေးယောက်တွဲအမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲတွင် ထပ်မံယှဉ်ပြိုင်လျက်ရှိသည်။

မြန်မာပိုက်ကျော်ခြင်းအသင်းသည် (၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် နိုင်ငံတကာပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်လျက်ရှိပြီး ဇူလိုင် ၂၂ ရက်မှ ၂၇ ရက်အထိ ကျင်းပလျက်ရှိသည့် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ထပ်မံယှဉ်ပြိုင်နေခြင်းဖြစ်သည်။

**ရဲရင့်လွင်**


**ဓာတ်ပုံ**–MSTAF

၀-၀-၀-၀

## လေဖိအားနည်းရပ်ဝန်း၏အရှိန်နှင့် မုတ်သုံလေအားကောင်းနေခြင်းတို့ကြောင့် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၃**

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ လာအို နိုင်ငံနှင့် မြန်မာနိုင်ငံအရှေ့ပိုင်းနယ်စပ်ဒေသများကို ဖြတ်ကျော်နေသော လေဖိအားနည်းဆဲလ်၏အရှိန်ကြောင့်လည်းကောင်း၊ ၂၄-၇-၂၀၂၅ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဖြစ်ပေါ်လာနိုင်မည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့ညမှ ၂၈-၇-၂၀၂၅ ရက်နေ့အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၄ ပေမှ ၁၆ပေခန့်ရှိနိုင်သည်။



သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**





## MFF C Diploma Coaching Course 2025 သင်တန်းဖွင့်လှစ်

MFF C Diploma Coaching Course 2025 သင်တန်းကို ရန်ကုန်မြို့တွင် ဇူလိုင် ၂၃ မှ ၃၁ ရက်ထိ ဖွင့်လှစ်နေပြီး သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်လျက်ရှိသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက ရန်ကုန်မြို့၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာ Mr. Michiteru Mita နှင့် သင်တန်းနည်းပြဆရာ ဦးညီညီလတ်တို့က အဖွင့်အမှာစကားပြောကြားခဲ့ကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်သည့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူများနှင့် သင်တန်းသားများ စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ကူးပြီး အခမ်းအနားပြီးဆုံးခဲ့သည်။ တစ်ပတ်ကြာ ဖွင့်လှစ်မည့် သင်တန်းသို့ ကျော်ကိုကို၊ ငြိမ်းချမ်းအောင်၊ သိန်းသန်းဝင်းစသည့် စီနီယာနှင့် လူငယ်လက်ရွေးစင် ကစားသမားဟောင်းများ အပါအဝင် သင်တန်းသား ၁၈ ဦး၊ သင်တန်းသူ ၂ ဦး တက်ရောက်လျက်ရှိသည်။

(NGB)